မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၁၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၆၆)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ပိုလ်မှူးချုပ်ကျော်ဖြိုး ကျိုင်းတုံလေဆိပ် တိုးချဲ့ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၄

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးသည် မတ် ၅ ရက်တွင် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ကျိုင်းတုံ-လွယ်မွေကားလမ်းဘေး နည်းပညာတက္ကသိုလ်အနီးရှိ စစ်မှုထမ်းဟောင်းအိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်းဆောက်လုပ်ရေးအထူးအဖွဲ့က တာဝန်ယူဆောင်ရွက်နေသော ကျိုင်းတုံလေဆိပ်တိုးချဲ့သည့်လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လေယာဉ်ရပ်နားသည့်နေရာ၌ ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေစီးဝင်ရောက်မှုနှင့် ရေကြီးနစ်မြုပ်မှုကို ကာကွယ်ပေးနေပြီး မိုးစပါးနှင့် ယာသီးနှံများ စိုက်ပျိုးနိုင်အောင် အကျိုးပြုနေသော မွန်ပြည်နယ် သထုံမြို့နယ်က မရမ်းကုန်းရေထိန်းတံခါး

အကျယ် ၆ ပေ၊ အမြင့် ၁၂ ပေ တံခါးပေါက် ၁၅ ပေါက်ပါဝင်သော သထုံမြို့နယ် မရမ်းကုန်းကျေးရွာအနီး မရမ်းကုန်းချောင်းကို ပိတ်၍ တည်ဆောက်ထားသော မရမ်းကုန်းရေထိန်းတံခါးကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

➢ သတင်းမြင်ကွင်း - ကျော်စိန်
➢ ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)
➢ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော နိုင်ငံသားများအတွက် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးဦးတည်ချက်(၄)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည်လည်း နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးကဏ္ဍတွင် စပါး၊ ဝါ၊ ကြံနှင့် ပဲမျိုးစုံတို့ကို တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးတွင် စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

ရေပမာဏ

မွန်ပြည်နယ်သည် မိုးရာသီတွင် မိုးရေချိန်များပြားစွာ ရွာသွန်းလေ့ရှိသော ဒေသတစ်ခုဖြစ်သည်။ မွန်ပြည်နယ်တွင် တောင်တန်းများလည်း များပြားသဖြင့် မိုးရာသီ၌ တောင်တန်းများမှ စီးဆင်းလာသော ရေပမာဏမှာ များပြားသောကြောင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုများ တွေ့ကြုံခံစားကြရလေ့ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●



မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် မရမ်းကုန်းကျေးရွာအနီး မရမ်းကုန်းချောင်းကိုပိတ်၍ တည်ဆောက်ပေးထားသော မရမ်းကုန်းရေထိန်းတံခါးမှ တောင်ကျရေနှင့် မိုးရေများ သိုလှောင်ထိန်းသိမ်းထားမှုမြင်ကွင်း။ (မြန်မာ့အလင်း)

15-3 (01).pmd 1 3/15/2009, 1:40 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၁၅ ရက်)

တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ တိုးမြှင့်ဖော်ဆောင် အစွမ်းထက်မြက်သည့်တိုင်းရင်းဆေးဝါး နိုင်ငံတကာသို့ ပြန့်ပွားရန်ကြိုးပမ်း

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ရေမြေသဘာဝမှ ပေးအပ်သော မြန်မာ့တိုင်းရင်းပရဆေးပင်များ၊ ရေထွက်မြေထွက်၊ တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် မြန်မာ့ရာသီဥတုတို့ကို အခြေပြုလျက် အစွမ်းထက်သောဆေးပညာရပ်အဖြစ် ဆင့်ပွားဖြစ်ထွန်းလာခဲ့သည်။

ဘိုးစဉ်ဘောင်ဆက် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည့် အမျိုးသားအမွေအနှစ် ပညာရပ်ဖြစ်သော တိုင်းရင်းဆေးကို နိုင်ငံတကာအဆင့်မီ တိုင်းရင်းဆေး သုတေသနစာတမ်းများပေါ်ထွက်ရန်၊ အတွေ့အကြုံ အခြေပြု တိုင်းရင်းဆေးပညာမှသည် သက်သေအထောက်အထားအခြေပြု တိုင်းရင်းဆေးပညာဖြစ်လာရန်၊ တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရန်၊ တိုင်းရင်းဆေးသုတေသီပညာရှင်များ ပိုမိုပေါ်ထွက်လာရန်နှင့် အဓိကရောဂါကြီးများ ကုသရာတွင် အစွမ်းအာနိသင်ထက်မြက်သော ဆေးဝါးနှင့် ကုထုံးများ ဖော်ထုတ်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် သုတေသနစာတမ်းဖတ်ပွဲကို ကျင်းပပေးလျက်ရှိသည်။

သုတေသနစာတမ်းဖတ်ပွဲ ကျင်းပခြင်းဖြင့် ရရှိလာမည့် တွေ့ရှိချက်များကို မှတ်တမ်းပြု၍ တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံများသည် မိမိတို့၏ရိုးရာ တိုင်းရင်းဆေးပညာရပ်များကို ပြန်လည်ဖော်ထုတ်လျက် နိုင်ငံတကာသို့ ပြန့်ပွားစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုသည်လည်း တစ်နေ့တခြား တိုးပွားလာလျက်ရှိသည်။

ယင်းသို့သော အချိန်အခါတွင် မြန်မာ့တိုင်းရင်းဆေးပညာနှင့် အာနိသင်ထက်မြက်သော မြန်မာတိုင်းရင်းဆေးဝါးများ၏ စွမ်းရည်အစဉ်ပြည့်ဝတိုးတက်မြင့်မားပြီး နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် မြန်မာတိုင်းရင်းဆေး သမားတော်များက ညီညီညွတ်ညွတ် လက်တွဲပူးပေါင်း ကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ပေရာ မြန်မာ့တိုင်းရင်းဆေးပညာသည် ပင်ကိုသဘာဝအားဖြင့် အစွမ်းထက်သော အမျိုးသားဂုဏ်ဒြပ် ဆေးပညာရပ်တစ်ခုဖြစ်၍ သုတေသနစာတမ်းဖတ်ပွဲမှ ရရှိလာမည့် တွေ့ရှိချက်များဖြင့် ပေါင်းစပ်၍ မြန်မာ့တိုင်းရင်းဆေးပညာ ဆင့်ပွားတိုးတက်မြင့်မားပြီး နိုင်ငံတကာသို့တိုင် ပြန့်ပွားရန် အားထုတ်ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း Application Development ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းကကြီးမှူး၍ **Application Development** ပြိုင်ပွဲကို မတ် ၂၇ ရက် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ **e-Learning Centre** ၌ ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်စေမည်

ပြိုင်ပွဲဝင်များအနေဖြင့် နှစ်ဦးပါဝင်သော အဖွဲ့အဖြစ် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ အပြင်လောကတွင် လက်ရှိအသုံးပြုနေသော Software Application တစ်ခု၏ အပိုင်းတစ်ပိုင်းကို ဖြတ်ထုတ်ပြီး လူနှစ်ဦးပါအဖွဲ့ တစ်ရက်စာရေးသားယှဉ်ပြိုင်နိုင်ရန် မေးခွန်းထုတ် ယှဉ်ပြိုင်စေမည်ဖြစ်သည်။

ချီးမြှင့်မည်

မည်သည့် Programming Language နှင့်မဆို၊ မည်သည့် Platform ပေါ်တွင်မဆို(Window Application or Web) ရေးသားယှဉ်ပြိုင်နိုင်သည်။ ဆုအဖြစ် ပထမဆုငွေကျပ်ငါးသိန်း၊ ဒုတိယဆုငွေကျပ်သုံးသိန်းနှင့် တတိယဆု ငွေကျပ်နှစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အသင်းဝင်များအပါအဝင် အသက်၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး မတ် ၂၅ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၌ စာရင်းပေးသွင်းရမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အသေးစိတ်ကို မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၅-၃-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှသတ္တဝါများ** (အပိုင်း-၄)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အမှတ်မထင်ဆုံစည်းကြရာဝယ်**
၁၃:၃၀ ၆။ ကျန်းမာသုတ
၁၃:၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၂၈)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၃၅ ၁၁။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့်ပညာရှင်များ
၆:၄၅ ၁၂။ လျှပ်တစ်ပြက်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၃၂)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိတ်မုန့်ချစ်သူ** (အပိုင်း-၆)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စီမံကိန်းလုပ်ငန်းများ ငွေကုန်ကြေးကျသက်သာစွာ ခြိုးခြံချွေတာ စံချိန်စံညွှန်းကိုက်ညီ၍ သတ်မှတ်ကာလပြီးစီးအောင် ဆောင်ရွက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ကကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဗဟို ပို့ဆောင်ဆက်သွယ်ရေးကျောင်း ကျောင်းအုပ်ကြီး၊ ပြည်နယ်နှင့်တိုင်းများမှ အရာရှိများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ ငွေကုန်ကြေးကျ သက်သာစွာဖြင့် ခြိုးခြံချွေတာပြီး အလေအလွင့်မရှိအောင် ဆောင်ရွက်သွားရန်နှင့် စံချိန်စံညွှန်းကိုက်ညီစွာဖြင့် သတ်မှတ်ကာလပြီးစီးအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဆောင်ရွက်ဆဲစီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးရန်လိုသကဲ့သို့ စီမံကိန်းလုပ်ငန်းအသစ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

တင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က ဆွေးနွေးတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ကျောင်းအုပ်ကြီးတို့က မိမိတို့ဌာနအလိုက် လုပ်ငန်းဆိုင်ရာဆောင်ရွက်ချက်များကို တင်ပြကြသည်။

စေတနာထားဆောင်ရွက်

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာထားဆောင်ရွက်သွားကြရန် နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ်(၄၃)ဆင်း

ရန်ကုန် မတ် ၁၄

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ် (၄၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်၇နာရီခွဲက ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)စစ်ရေးပြကွင်း၌ ကျင်းပရာ ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်သည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ သင်တန်းမှူးများ၊ လက်ထောက်ကထိကများ၊ ဌာနစုမှူးများ၊ နည်းပြဆရာများ၊ သင်တန်းသား သင်တန်းသူများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီး သတိပြု

15-3 (02).pmd 1 3/15/2009, 1:40 AM

✱ *ကျောဖုံးမှ*

ယခုအချိန်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနအပါအဝင် နိုင်ငံတော်အဖွဲ့အစည်းများသည်လည်း မြေလွတ်မြေရိုင်းများကို ရှာဖွေဖော်ထုတ်ပြီး မိမိ၏ ကုန်ကြမ်းလိုအပ်ချက်ကို မိမိတို့ အစီအစဉ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်အောင် ကြိုးပမ်းနေကြပြီ ဖြစ်သည်။ အထူးသဖြင့် မကွေးတိုင်း၌ နိုင်ငံတော်အဖွဲ့အစည်းများ၏ ဝါစိုက်ခင်းသစ်များသည် ဧက ထောင်ချီပြီး စတင် ပေါ်ထွက်လာနေပေပြီ။ ထို့ကြောင့် ဒေသခံတောင်သူလယ်သမားများသည် ဈေးကွက်၌လိုအပ်သည့် ဝါကုန်ကြမ်းကို တစ်ဖက်တစ်လမ်းမှ စိုက်ပျိုးထုတ်လုပ်ပေးရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနေသည့် ဝါစိုက်ခင်းသစ်များဆီမှ စိုက်နည်းစနစ်သစ်များကိုလည်း အတုယူစရာရှိလာပြီ ဖြစ်သည်။

ဖွင့်လှစ်ပေး

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် သွင်းကုန်အစားထိုးဖြစ်စေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်လာစေပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေရန်၊ ခေတ်မီ စက်ကိရိယာများ တပ်ဆင်အသုံးပြုသည့်အတွက် နည်းပညာပိုင်းဆိုင်ရာ မြင့်မားလာစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် မကွေးတိုင်း ပွင့်ဖြူမြို့နယ် လယ်ကိုင်း-ပွင့်ဖြူကားလမ်းဘေး ပွင့်ဖြူမြို့မှ နှစ်မိုင်ခန့်အကွာ ကန်သာကြီးကျေးရွာအနီး၌ တည်ဆောက်ပြီးစီးသွားသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ)ဖွင့်ပွဲကို ၂၀၀၅ခုနှစ် မတ် ၁၈ရက်က ကျင်းပခဲ့သည်။

ထုတ်လုပ်နိုင်

ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ)၌ အဓိက တပ်ဆင်ထားသည့် စက်ပစ္စည်းများမှာ ရစ်တိုင် ၄၈၀၀ စီပါရှိသည့် ချည်ငင်စက် ၆၂စင်နှင့် လွန်းမဲ့ရက်ကန်းစင် ၆၀၀ ဖြစ်သည်။ စက်ရုံ၏ စက်စွမ်းအားမှာ တစ်နှစ်လျှင် ၁/၄၀ပီစီ ချည်နှင့် ဘီးဖီးချည် စုစုပေါင်း ပေါင် ၂၃သမ ၈၅၆သိန်းနှင့် ၁/၄၀ ပီစီပိတ်ကြမ်းနှင့် ပေါ်ပလင်ပိတ်ကြမ်း စုစုပေါင်း ကိုက် ၉၃သမ ၉၇၆သိန်း ထုတ်လုပ်လျက်ရှိသည့် စက်ရုံဖြစ်ပါကြောင်း သတင်းမှတ်စု ဧော်ဖော်ပြလိုက်ရပါ၏။ ။

ပဲခူးမြို့နယ် ကိုဒူကွဲတမံ စီမံကိန်းလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၄

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းသည် မတ် ၂ရက် နံနက်ပိုင်းက ပဲခူးမြို့နယ်ရှိ ကိုဒူကွဲရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် မတ် ၄ရက်တွင် တောင်ငူမြို့နယ် ညောင်ပင်လှကျေးရွာအနီးရှိ စစ်မှုထမ်းဟောင်းကျေးရွာ တည်ဆောက်ရေးလုပ်ငန်းနှင့် တောင်ငူမြို့နယ် ဇီးပင်ဖြူကျေးရွာအနီး၌ စစ်တောင်းမြစ်ဖြတ် သောင်တူးခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေဌာနများ ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၄

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်နှင့် တာဝန်ရှိသူများသည် မတ် ၁၃ရက်နှင့် ၁၄ရက်တို့တွင် ပြင်ဦးလွင်မြို့ရှိ အထက(၁၊၂၊၃၊၄)၊ အလက(၁၊၂၊၃၊၄)စာဖြေဌာနများ၊ စစ်ကိုင်းမြို့ အထက(၁၊၂၊၃)၊ အထက-အုန်းတောနှင့် မန္တလေးမြို့ အထက(၇) စာဖြေဌာနများကို ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် စာဖြေဌာနများတွင် ကျောင်းသား ကျောင်းသူများ၏ စာဖြေခန်းများသို့ ဝင်ရောက်ဖြေဆိုမှု၊ စာဖြေဌာန ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးတို့၏ သတ်မှတ်ထားသည့်အချိန်အတွင်း မေးခွန်းဖြန့်ဝေမှု၊ အဖြေလွှာများသိမ်းဆည်းမှုတို့နှင့်ပတ်သက်၍ စနစ်တကျရှိစေရေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

မြောက်ဘက်စွန်း

တီတန်အရံဂြိုဟ်လ၏ မျက်နှာပြင်တွင် ချိုင့်ဝှမ်းများရှိပြီး ယင်းချိုင့်ဝှမ်းများ၌ ဟိုက်ဒရိုကာဗွန်မိုးများ ရွာသွန်းနေခြင်းဖြစ်သည်။ ထိုသို့ ဟိုက်ဒရိုကာဗွန်မိုးများ ရွာသွန်းနေသည့်နေရာမှာ အရံဂြိုဟ်မျက်နှာပြင်၏ တောင်ဘက်စွန်းနှင့် မြောက်ဘက်စွန်းအရပ် များ၌ ဖြစ်သည်။

ရာသီဥတု

ထို့အပြင် တစ်ခါတစ်ရံ ကာဗွန်မိုးမုန်တိုင်းများ ကျရောက်လျက်ရှိပြီး တီတန်အရံဂြိုဟ်လ၏ မျက်နှာပြင်တွင် ရာသီဥတုအခြေအနေ ဆိုးရွားလျက်ရှိကြောင်း သိရသည်။ သို့သော်လည်း ရာသီဥတုအခြေအနေမှာ အချိန်တိုအတွင်း ရုတ်ခြည်းပြောင်းလဲသွားတတ်ကြောင်း၊ ကာဗွန်မိုး ရွာသွန်းမှုများ ရုတ်တရက် ရပ်စဲသွားတတ်ကြောင်း ၄င်းတို့က ပြောကြားသည်။

အကျယ်အဝန်း

တီတန်အရံဂြိုဟ်လမျက်နှာပြင်၏ မြောက်ဘက်စွန်းချိုင့်ဝှမ်းကြီးမှာ အကျယ်အဝန်း စတုရန်းကီလိုမီတာ ၄၀၀၀၀၀ခန့်ရှိကြောင်း သိရသည်။ တီတန်အရံဂြိုဟ်လမျက်နှာပြင်တွင် ဟိုက်ဒရိုကာဗွန်မိုးများ ရွာသွန်းလေ့ရှိပြီး ကာဗွန်မိုးမုန်တိုင်းများ တိုက်ခတ်လေ့ရှိသော်လည်း အခြားသောတိမ်များ ဖြစ်ထွန်းမှုကဲ့သို့ ရာသီဥတုပြောင်းလဲမှုမျိုးမရှိကြောင်း သိရသည်။

ပေးပို့မည်

ကတ်စီနီ အာကာသလေ့လာရေးယာဉ်အနေဖြင့် စနေဂြိုဟ်အပါအဝင် တီတန်အရံဂြိုဟ်လ၏ ထူးခြားသော ရာသီဥတုပြောင်းလဲမှုများကို ဆက်လက်လေ့လာကာ မြေပြင်စခန်းသို့ ပြန်လည်ပေးပို့မည် ဖြစ်သည်။ ။ (အင်တာနက်)

မတ် ၁၄ရက်က ကျင်းပသည့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ကောဒသမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးတွင် ခင်းကျင်းပြသထားသည့် အဆောက်အအုံပုံစံငယ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-ကုန်သည်/စက်မှု)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

❐ *ကျောဖုံးမှ*

ဟောပြောပွဲ

ထို့ကြောင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်း၍ ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အဆောက်အအုံ၌ မတ် ၁၄ရက် မွန်းလွဲ ၂နာရီက စိတ်ဖိစီးမှုနှင့်ပတ်သက်သည့် ဟောပြောပွဲတစ်ရပ် ကျင်းပခဲ့သည်။

တွေ့ဆုံ

အဆိုပါ ဆွေးနွေးဟောပြောပွဲ၌ စိတ်ဖိစီးမှုနှင့်ပတ်သက်သည့် ဟောပြောဆွေးနွေးမည့် ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာမိုးမိုးခိုင်အား မြန်မာ့အလင်းသတင်းအဖွဲ့က သီးခြား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

"စိတ်ဖိစီးမှုဆိုတာ စိတ်မှာဖြစ်လာတဲ့ ဖိအားတွေ မနိုင်နင်းလို့ဖြစ်လာတာပါ၊ စိတ်ဖိစီးမှုဆိုတာ လူတိုင်းမှာတော့ မရှိတတ်ကြပါဘူး၊ ဒါပေမယ့် စိတ်ဖိစီးမှုဟာ လူအတော်များများမှာတော့ ရှိနေတတ်ပါတယ်"ဟု ဒေါက်တာမိုးမိုးခိုင်က စတင်ရှင်းပြသည်။

အချိန်နှင့်အမျှ

လုပ်ငန်းတာဝန် များပြားလာသော ယနေ့ခေတ်ကာလတွင် နည်းပညာများ ဖွံ့ဖြိုးလာမှုနှင့် အပြိုင်အဆိုင်ကြိုးစားရသော အခြေအနေများကြောင့် အချိန်နှင့်အမျှ လုပ်ငန်းများ လုပ်ကိုင်ရမှုကို လူတိုင်းကြုံတွေ့ရလျက်ရှိသည်။

"စိတ်ဖိစီးမှု ဘယ်လိုဖြစ်ပေါ်သလဲဆိုရင် အလုပ်ကြောင့်နဲ့ ပတ်ဝန်းကျင်အခြေအနေတွေကြောင့်လို့ အကြမ်းဖျင်းပြောလို့ရပါတယ်။ အလုပ်တာဝန်တွေ များပြားလွန်းတာရယ်၊ လုပ်ငန်းတာဝန်တွေကို အောင်မြင်ပြီးမြောက်အောင် မဆောင်ရွက်နိုင်၊ မဖြေရှင်းနိုင်ရင် စိတ်ဖိစီးမှုတွေ ဖြစ်ပေါ်လာပြီပေါ့၊ နောက်ပြီး ပတ်ဝန်းကျင်အခြေအနေတွေကလည်း ကိုယ်မကြိုက်နှစ်သက်တာ၊ ကိုယ့်ကို အနှောင့်အယှက်ပြုတာစတဲ့ အကြောင်းအရာတွေရှိလာရင်လည်း ကိုယ့်မှာ စိတ်ဖိစီးမှုတွေ ရှိလာတတ်ပါတယ်"ဟု ၄င်းက ဆက်လက်ရှင်းပြသည်။

လူတို့အနေဖြင့် နေ့စဉ် ရှင်သန်လှုပ်ရှားနေရသော အလုပ်နှင့် ပတ်ဝန်းကျင်များ၌ စိတ်အနှောင့်အယှက်ဖြစ်စေသည့် အကြောင်းအရာများ တစ်နည်းမဟုတ်တစ်နည်း ကြုံတွေ့ရလျက်ရှိရာ စိတ်ဖိစီးမှုဖြစ်ပေါ်စေရန် တွန်းအားပေးသကဲ့သို့ ရှိပေသည်။

ရှင်းပြ

"အလုပ်နဲ့ပတ်သက်ပြီး စိတ်ဖိစီးမှုဖြစ်တယ်ဆိုတဲ့နေရာမှာ သာမန်ထက် အလုပ်တာဝန်များပြားမှုနဲ့ အဲဒီ ကိုယ်လုပ်ရတဲ့ တာဝန်တွေ မကျွမ်းကျင်မှုကြောင့် လုပ်ငန်းပြီးမြောက်အောင် မဖြေရှင်းနိုင်လို့ပါပဲ။ ကိုယ့်ရှိတဲ့အခြေအနေနဲ့ အနေအထား၊ ဖြစ်ပေါ်လာတဲ့ အကြောင်းအရာနဲ့ လုပ်ငန်းတာဝန်တွေ ဟန်ချက်မညီမျှရင် စိတ်ဖိစီးမှုဖြစ်ပါတယ်။ အဲဒါက မိမိနဲ့ဆိုင်ပါတယ်။ မိမိအပေါ်မှာပဲ မူတည်ပါတယ်"ဟု ဒေါက်တာမိုးမိုးခိုင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

အလုပ်နှင့်ပတ်သက်ပြီး စိတ်ဖိစီးမှုမဖြစ်ရန် အလုပ်ကို နိုင်နင်းစွာ လုပ်နိုင်ရန် စဉ်းစားရမည်ဖြစ်ပြီး မိမိ၌ အလုပ်နှင့်ပတ်သက်သည့် အရည်အချင်းရှိရန်နှင့် စီမံတတ်ရန် လိုအပ်ပေသည်။

"အချို့လူတွေဟာ လုပ်ငန်းမှာ ကျွမ်းကျင်ပေမယ့် စီမံခန့်ခွဲမှုအပိုင်းမှာ အားနည်းတော့ လုပ်ငန်းတွေ အချိန်မီ မပြီးပြတ်ဘူးပေါ့။ အဲဒီတော့ စိတ်ဖိစီးမှုဖြစ်ပြီး လုပ်ငန်းထိခိုက်တယ်၊ မိမိကိုယ်တိုင်လည်း အမှားအယွင်းတွေ ဆုံးဖြတ်လာတတ်တယ်၊ အဲဒီအချိန်မှာ လုပ်ငန်းမှာရှိတဲ့ လူတွေက ဝိုင်းဝန်းဖြေရှင်းပေးကြဖို့လိုတယ်။ သူ့ရဲ့လုပ်အားကို အပြည့်အဝ အသုံးချနေတယ်ဆိုရင် ကိုယ်က ဘာဖြည့်ဆည်းပေးရမယ်၊ ဘယ်လိုကူညီပံ့ပိုးပေးရမယ်ဆိုတာ အနီးကပ်ဆုံး ပတ်ဝန်းကျင်အနေနဲ့ သိရှိဖို့တော့လိုအပ်တယ်"ဟု ၄င်းက ဆက်လက်ရှင်းပြသည်။

ပြသစစ်ဆေး

စိတ်ဖိစီးမှုရှိသူများအား ခံစားရမှု လျော့ကျသက်သာစေရန် နည်းလမ်းများနှင့် ပတ်သက်၍လည်း ရုပ်ပိုင်းဆိုင်ရာချို့ယွင်းလျှင် ဆရာဝန်နှင့် ပြသ ကုသရသလို စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းပါက စိတ်ရောဂါဆရာဝန်များနှင့် ပြသစစ်ဆေး ကုသမှုခံယူသင့်ကြောင်း သိရသည်။

"စိတ်ဖိစီးမှုများလာပြီဆိုရင် စိတ်ရောဂါဆရာဝန်နဲ့ ကုသရတာမျိုးလည်းရှိတယ်။ ဒါဟာ ဝန်လေးစရာကိစ္စမဟုတ်ပါဘူး။ အခက်အခဲရှိတာက စိတ်ရောဂါဆရာဝန်ဆီ ကုသခံယူမှုလုပ်တယ်ဆိုရင် လူမှုဝန်းကျင်မှာ အမြင်တစ်မျိုးဖြစ်တတ်ပါတယ်။ အဲဒါ အမြင်မှားတဲ့ အချက်ပါပဲ။ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုရှိနေတယ်ဆိုတဲ့ အမြင်ဟာ စိတ်ဖိစီးမှုဖြစ်နေတဲ့လူကို ဆိုးကျိုးတွေ ပိုပြီးဖြစ်စေတတ်တာပါပဲ။ အမြင်ရှင်းစွာနဲ့ ဝိုင်းဝန်းပံ့ပိုးပေးကြရမှာ ဖြစ်ပါတယ်"ဟု ဒေါက်တာမိုးမိုးခိုင်က မြန်မာ့အလင်းသို့ ရှင်းပြခဲ့သည်။

အလုပ်နှင့်စိတ်

ထို့အပြင် အလုပ်ဆိုသည်မှာလည်း လူ့ဘဝ၌ စိတ်ကို ပျော်ရွှင်ကျေနပ်စေသည့် အရာဆိုသည်ကိုလည်း ၄င်းက **"အလုပ်ဟာ စိတ်ကိုကျေနပ်မှုဖြစ်စေပါတယ်။ ကိုယ်တာဝန်ယူရတဲ့ အလုပ်ဟာ အောင်မြင်စွာနဲ့ ပြီးမြောက်သွားမယ်ဆိုရင် ကျေနပ်ပီတိဖြစ်ရတာမျိုးလည်း ရှိတာဆိုတော့ အလုပ်ကြောင့်ဖြစ်တဲ့ စိတ်ဖိစီးမှုဟာ အလုပ်ပြီးစီးမှုနဲ့ ချေဖျက်နိုင်ပါတယ်။ နောက်ပြီး အလုပ်တာဝန်များပြားတဲ့အခါ ခရီးထွက် အပန်းဖြေတာမျိုးလည်း ရှိတယ်။ မှန်ကန်တဲ့ အပန်းဖြေထွက်နည်းကသာ စိတ်ဖိစီးမှုကို လျော့ကျစေတာပါ။ စိတ်ထွက်ပေါက်ရှာတဲ့အနေနဲ့ ပြုလုပ်တာမျိုးက နောက်ဆက်တွဲပြဿနာတွေနဲ့ ကြုံတွေ့ရတတ်ပါတယ်"**ဟု ဒေါက်တာမိုးမိုးခိုင်က ရှင်းပြသည်။

သတိပြုနေထိုင်သင့်

စိတ်၌ဖြစ်သော ပြဿနာမျိုးကို အဓိကအနေဖြင့် စိတ်ဖြင့်ပင် ဖြေရှင်းပြုပြင်ရသည်ဖြစ်ရာ မိမိကိုယ်တိုင် စိတ်ဖိစီးမှုလျော့နည်းစွာ စနစ်တကျ သတိပြုနေထိုင်သင့်ကြပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

တရားစီရင်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီဆောင်ရွက် ပြည်တွင်းနှင့် နိုင်ငံတကာရေးရာများ မျက်ခြည်မပြတ်လေ့လာ

ရန်ကုန် မတ် ၁၄

တရားသူကြီးချုပ် ဦးအောင်တိုးနှင့် တရားရုံးချုပ်(မန္တလေး)ရှိ တရားရေးအရာရှိများ၊ မန္တလေးတိုင်း၊ ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ တွေ့ဆုံပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် တရားရုံးချုပ်(မန္တလေး) ရုံးခန်းအမှတ်(၁)၌ ကျင်းပရာ တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ်နှင့် တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တရားသူကြီးချုပ် ဦးအောင်တိုးက ယနေ့အချိန်သည် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်နေသည့် ကာလဖြစ်ကြောင်း၊ တရားရေးဝန်ထမ်းများအနေဖြင့် နေ့စဉ်နှင့်အမျှ အမှုစစ်ဆေးစီရင်သည့် လုပ်ငန်းကို လုပ်ကိုင်နေကြသကဲ့သို့ ပြည်တွင်းရေးရာများနှင့် နိုင်ငံတကာရေးရာများကိုလည်း မျက်ခြည်ပြတ်၍ မရကြောင်း၊ အစဉ်အမြဲ လေ့လာနေမှသာ မိမိတို့လုပ်ငန်းပိုင်းတွင် တိုးတက်လာမည်ဖြစ်ကြောင်း။

လိုက်နာဆောင်ရွက်

တရားစီရင်ရေးလုပ်ငန်းနှင့်စပ်လျဉ်းပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ကြမည့် အချက်သည် အဓိကကျကြောင်း၊ အမှန်တရားကို ရှာဖွေရာတွင် လွယ်လွယ်ဖြင့်မဆုံးဖြတ်ဘဲ သေသေချာချာစဉ်းစားပြီးမှ အမှုသွားအမှုလာနှင့် အခြေအနေကိုသုံးသပ်ကာ ဆုံးဖြတ်သွားရန် လိုကြောင်း၊ တစ်မှုနှင့် တစ်မှု မတူညီသဖြင့် သက်သေခံအထောက်အထားများနှင့် ဥပဒေ အဆိုအမိန့်များအား ချိန်ကိုက်ပြီး မိမိ၏ ဆင်ခြင်တုံတရားကို ရိုးသားစွာ အသုံးချပြီး ဆုံးဖြတ်ကြရန်ဖြစ်ကြောင်း၊ တည်ကြည်ခိုင်ခံ့သော အုပ်ချုပ်ရေးယန္တရား တည်ဆောက်နေသဖြင့် ဝန်ထမ်းများကလည်း မခိုမကတ်လုပ်ဆောင်ကြရန်၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရန်၊ ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို ရယူရန်လိုကြောင်း၊ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ စေတနာထား ဆောင်ရွက်မှုများကိုလည်း ပြည်သူများ ရှင်းရှင်းလင်းလင်းသိရှိအောင် ဝန်ထမ်းများက အသိပေးကြရန် လိုအပ်ကြောင်း၊ တရားဥပဒေစိုးမိုးရေး ခံယူချက်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခါမလပ် ထိန်းသိမ်းလိုက်နာကြရန် အရေးကြီးကြောင်း၊ တရားစီရင်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့် မြန်မြန်ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ ဝန်ထမ်းအားလုံးသည် နိုင်ငံတော်အပေါ် ထားအပ်သော ကတိကဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၁၁)ဖြန့်ချိ

ရန်ကုန် မတ် ၁၄

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၁၁)၌ ပါမောက္ခ ဒေါ်ခွေးခွေး(မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်)နှင့် ဖလားဝါးနယူးစ်တို့ တွေ့ဆုံမေးမြန်းခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ ကံပေးသော ဘဝအန္တရာယ်လမ်းမှ ပြန်ခဲ့ရသည်၊ ပြန်ပေးဆွဲခံရသော သင်္ဘောသားများအတွက် နစ်နာကြေးငွေပေးအပ်၊ မုန်တိုင်းသင့်ဒေသပြန်လည်ထူထောင်ရေး တတိယအဆင့် လုပ်ငန်းများစတင်မည်၊ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန် မုန်တိုင်းသင့်ဒေသများကို ကူညီမည်၊ ရမ်စစ်တက္ကသိုလ်က မြန်မာကျောင်းသားများကို ပညာသင်ဆုပေး၊ ဟင်းသီးဟင်းရွက်နှင့် စားသောက်ကုန်များ ဘေးဥပဒ်မဖြစ်စေရေး စစ်ဆေးအရေးယူဆောင်ရွက်မည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ သူ့ဘဝ သူ့ဒဿန "ဟိုဘဝက ကုသိုလ်အကျိုးပေးမကောင်းလို့ပဲ မှတ်ပါတယ်၊ ဒါပေမယ့် အဘွားကတော့ လုံးဝမလျှော့ဘူး လုပ်ရမှာပဲ" အဘွားဒေါ်မြ(အနှိပ်သည်)နှင့် စကားလက်ဆုံ၊ တစ်ပတ်စာ အရသာသစ် 'အီတလီခေါက်ဆွဲ'၊ 'ယဉ်ကျေးမှုအပြောင်းအလဲကြားကလူများ၊ အိုင်ဒီယာများနှင့် ခေတ်ရေစီး' ရှုမြင်သုံးသပ် ဆောင်းပါးများနှင့်အတူ ထွက်ရှိနေပြီ ဖြစ်သည်။

ဘားရက်အိုဘားမားရေး၍ ကိုကို(စက်မှုတက္ကသိုလ်) ဘာသာပြန်ဆိုထားသော 'အဖေ့ဆီက အိပ်မက်များ(၁၆)'၊ 'ကျွန်တော်တို့ရဲ့ ဦးစားပေးအလုပ်က စီးပွားရေး အကျပ်အတည်းကာလမှ ပြည်သူလူထုကို ကူညီပံ့ပိုးရမယ့်အလုပ်သာ ဖြစ်ပါတယ်' ထိုင်းဝန်ကြီးချုပ် အပီဆစ်ဗွဲချာချီဝနှင့် CNBC တို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ အိမ်အပြန်ခရီးက ငရဲခန်းတမျှ ဝဋ္ဋဒုက္ခကြီး၊ အာဆင်နယ် မန်နေဂျာ အာစင်ဝင်းဂါးက အင်္ဂလိပ်ဘောလုံးလောကသည် အကြမ်းဖက်ဝါဒီတို့၏ အဓိကပစ်မှတ်ဖြစ်လာဖွယ်ရှိဟုဆို၊ ဟောင်ကောင်တွင် ပြည့်တန်ဆာလေးဦး အသတ်ခံရ၊ မော်တော်ဆိုင်ကယ်စီး ဓားပြဂိုဏ်းက ဗြိတိန်တွင် နေ့ခင်းကြောင်တောင် တိုက်ခိုက်လုယက်၊ ဝန်ထမ်းတစ်ဦး ကြိုးဆွဲချအဆုံးစီရင်၊ ညာသန်ထက် ဘယ်သန်က ပိုထူးချွန်စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

တူရကီနိုင်ငံ အန်ကာရာမြို့တွင် မြန်နှုန်းမြင့်ကျည်ဆန်ရထားတစ်စင်းအား မတ် ၁၃ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

တည်မြဲစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံလေးရုံ တရုတ်နိုင်ငံ ပြည်နယ်များတွင် တည်ဆောက်သွားမည်

ပေကျင်း မတ် ၁၄

နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးနိုင်ရန်နှင့် တည်မြဲစွမ်းအင် အသုံးပြုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် တရုတ်အစိုးရအနေဖြင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ နှစ်ရုံနှင့်လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ နှစ်ရုံ ထပ်မံတည်ဆောက်မည်ဖြစ်ကြောင်း တရုတ်စီးပွားရေးစီမံကိန်း ထိပ်တန်းအရာရှိတစ်ဦးက မတ် ၁၃ရက်တွင် ပြောကြားသည်။

စီချွမ်ပြည်နယ်တွင် လူဒင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဂူကျို့ပြည်နယ်တွင် ဒေါင်ဂျင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ တည်ဆောက်ရန် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီ(အင်န်အာဒီစီ)၏ ခွင့်ပြုချက်ကို ရရှိပြီးဖြစ်ကြောင်း၊ ယင်းဒေသများမှာ ရေအရင်းအမြစ်များ ပေါကြွယ်ဝသည်ဖြစ်ရာ ရေအားလျှပ်စစ်ထုတ်ယူရန်အတွက် သင့်တော်သော ဒေသများဖြစ်ကြောင်း ဆင်ဟွာက ရေးသားဖော်ပြသည်။

ခွင့်ပြုပေး

ဂျင်စုပြည်နယ်အရှေ့ပိုင်းနှင့် ဟီဖိုင်ပြည်နယ်မြောက်ပိုင်းတို့တွင် လျှပ်စစ်ဓာတ်အား ၁၀၀ဒသမ၅မဂ္ဂါဝပ် ထုတ်လုပ်ပေးမည့် လေစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေး စက်ရုံနှစ်ရုံတည်ဆောက်ရန်အတွက်လည်း အင်န်အာဒီစီက ခွင့်ပြုပေးခဲ့သည်။ **(အင်တာနက်)**

အာကာသစခန်းယာဉ်မှ ယာဉ်မှူးများ ဆိုယုဇ်ယာဉ်အတွင်း ခေတ္တတိမ်းရှောင်ခဲ့ရ

မော်စကို မတ် ၁၄

အာကာသအတွင်း အပျက်အစီးအပိုင်းအစတစ်ခု နိုင်ငံတကာအာကာသစခန်းယာဉ်အနီး ဖြတ်သွားသည့်မတ်၁၂ ရက်က နိုင်ငံတကာအာကာသစခန်းယာဉ်မှ ယာဉ်မှူးများသည် ရုရှားအာကာသယာဉ် ဆိုယုဇ်အတွင်း ခေတ္တဝင်ရောက် တိမ်းရှောင်ကြရသည်ဟု မော်စကိုမြို့ အပြင်ဘက်ရှိ ခရီးစဉ်ထိန်းချုပ်ရေးစခန်းက ကြေညာသည်။

ရုရှားအာကာသယာဉ်အတွင်း ၁၀မိနစ်ကြာ ဝင်ရောက်ခိုလှုံပြီးနောက် အာကာသယာဉ်မှူးများသည် နိုင်ငံတကာအာကာသစခန်းယာဉ်အတွင်းသို့ ပြန်ဝင်ပြီး ပြန်လည်အလုပ်လုပ်ကိုင်လျက် ရှိသည်ဟုဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ယူဂန္ဓာနိုင်ငံ ကမ်ပါလာမြို့၌ နှစ်ထပ်အဆောက်အအုံတစ်ခု ပြိုကျမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်ကို မတ် ၁၃ရက်က တွေ့ရစဉ်။

(ယင်း တိုက်ပြိုကျမှု၌ နှစ်ဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။) **(အင်တာနက်ဓာတ်ပုံ)**

ကနေဒါကမ်းလွန်တွင် ရဟတ်ယာဉ်ပျက်ကျ တစ်ဦးသေဆုံး၊ ၁၆ဦးပျောက်ဆုံးနေ

စိန့်ဂျွန်း(နယူးဖောင်လန်) မတ် ၁၄

ကနေဒါနိုင်ငံမှ ကမ်းလွန်ရေနံ ထုတ်လုပ်ရေးစီမံကိန်းသို့ ဝန်ထမ်းများပို့ဆောင်ပေးနေသည့် ရဟတ်ယာဉ်တစ်စင်း ကနေဒါ အတ္တလန္တိတ်ကမ်းခြေ၏ ကမ်းလွန်တစ်နေရာတွင်ပျက်ကျခဲ့ရာ အနည်းဆုံး လူတစ်ဦး သေဆုံးကာ လှိုင်းလေ ပြင်းထန်သည့် ပင်လယ်အတွင်း ၁၆ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ရှာဖွေခဲ့

ခရီးသည်တစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ဆေးရုံသို့ပို့ခဲ့သည်။ သေဆုံးနေသည့် ရုပ်အလောင်းတစ်လောင်းကိုလည်း တွေ့ရှိခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ကယ်ဆယ်ရေးဝန်ထမ်းများက အခြားပျောက်ဆုံးနေသူများကို ရှာဖွေခဲ့ကြသော်လည်း တွေ့ရှိသည့်လက္ခဏာမရှိချေ။

ယခုအခါ မိမိတို့က အပျက်အစီးပစ္စည်းများကိုသာ တွေ့ရှိကြောင်း၊ အသက်မသေကျန်ရစ်ခဲ့သူမရှိနိုင်ကြောင်း၊ သို့ရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်မည်ဖြစ်ကြောင်း ဟာလီဖက်ဒေသရှိ ပူးတွဲကယ်ဆယ် ညှိနှိုင်းရေးဌာနမှ ဒင်းနစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ပင်လယ်အတွင်းမှ ကယ်တင်နိုင်ခဲ့သူအား ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

နစ်မြုပ်

အဆိုပါ ရဟတ်ယာဉ်သည် နယူးဖောင်လန်ဒေသ ကမ်းလွန်တစ်နေရာတွင် ပျက်ကျပြီး ပင်လယ်အတွင်း နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ ရိုက်တာ**

ဂါဇာကို အစ္စရေးတို့ထိုးစစ်ဆင်ခဲ့မှု စုစုပေါင်း ၁၄၁၄ဦး သေဆုံးကြရဟုဆို

ဂါဇာ မတ် ၁၄

ဟားမတ်စ်အုပ်စုအုပ်ချုပ်သည့် ဂါဇာကမ်းမြောင်ကို အစ္စရေးတို့ ၂၂ ရက်ကြာ ထိုးစစ်ဆင်ရာ၌ အရပ်သား ၉၆၀၊ ရဲအရာရှိ ၂၃၉ ဦး၊ တိုက်ခိုက်ရေးသမား ၂၁၅ဦး အပါအဝင် စုစုပေါင်း ၁၄၁၄ ဦး သေဆုံးကြောင်း ပါလက်စတိုင်း လူ့အခွင့်အရေးအုပ်စုတစ်စုက မတ် ၁၂ရက်တွင် ကြေညာသည်။

ထိုးစစ်ဆင်

နယ်စပ်ကိုဖြတ်ကျော်ပြီး အစ္စရေးနိုင်ငံတောင်ပိုင်းအတွင်း ဒုံးကျည်များ၊ စိန်ပြောင်းများဖြင့် အစ္စလမ္မစ်စစ်သွေးကြွများ၏ ပစ်ခတ်မှုရပ်စဲသွားရေးအတွက် အစ္စရေးနိုင်ငံက ဒီဇင်ဘာ၂၇ ရက်မှ ဇန်နဝါရီ ၁၈ရက်အထိ ဂါဇာကို ကြည်း၊ ရေ၊ လေတပ်များဖြင့် ထိုးစစ်ဆင်ခဲ့သည်။

ယင်းသို့ ထိုးစစ်ဆင်ရာတွင် အစ္စရေးတပ်များက အင်အားပိုသုံးပြီး ခွဲခြားမှုမရှိ ပစ်ခတ်တိုက်ခိုက်သည်ဟု အဆိုပါ ပါလက်စတိုင်းအုပ်စုက ကြေညာသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

ဂွမ်တာနာမိုအကျဉ်းသားဟောင်း တာလီဘန်တပ်မှူး တစ်ဦးဖြစ်လာ

ကဘူးလ် မတ် ၁၄

ဂွမ်တာနာမိုအကျဉ်းစခန်း၌ ထိန်းသိမ်းခံရပြီးလွတ်မြောက်လာသူ မူလာအဗ္ဗဒူလာမှာ အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ထိပ်တန်းတပ်မှူးတစ်ဦး ဖြစ်လာကြောင်း တာလီဘန်အဖွဲ့က မတ် ၁၃ ရက်တွင် အတည်ပြု ကြေညာလိုက်သည်။

ပြောကြား

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန်ပြည်နယ်၌ စခန်းချသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များအား မူလာအဗ္ဗဒူလာက တာလီဘန်အုပ်စုဝင်များကို ဦးဆောင်ကာ တိုက်ခိုက်နေကြောင်း တာလီဘန်သတင်း ရပ်ကွက်က ပြောကြားသည်။

လုပ်ကိုင်

မူလာအဗ္ဗဒူလာမှာ ၂၀၀၇ခုနှစ် ဒီဇင်ဘာလအထိ ဂွမ်တာနာမိုအကျဉ်းစခန်း၌ ထိန်းသိမ်းခံခဲ့ရသူဖြစ်ကာ လွတ်မြောက်လာပြီးနောက်ပိုင်း တာလီဘန်အုပ်စုအတွင်း အကြမ်းဖက်လုပ်ငန်းများကို ပြန်လည်လုပ်ကိုင်လာခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ထောက်ပံ့ရေးဝန်ထမ်းငါးဦး ဒါဖာတွင် ပြန်ပေးဆွဲခံရ

ခါတွမ် မတ် ၁၄

ဆူဒန်နိုင်ငံ ဒါဖာဒေသအတွင်းတွင် အနောက်တိုင်းသားသုံးဦး အပါအဝင် နယ်စည်းမခြားဆရာဝန်များအဖွဲ့၏ ဘယ်လ်ဂျီယံအဖွဲ့ခွဲဝင် ထောက်ပံ့ရေးဝန်ထမ်း ငါးဦးတို့ ပြန်ပေးဆွဲခံရကြောင်း ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့က မတ် ၁၂ရက်တွင် ကြေညာသည်။

လက်နက်ကိုင်အုပ်စုများ ထိုနေရာသို့ သွားရောက်ပြီး ငါးဦးကိုပြန်ပေးဆွဲသွားခဲ့သည်ကို မိမိတို့ အတည်ပြုနိုင်ကြောင်း ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့က ကြေညာသည်။

အမ်အင်န်အေ၊ရိုက်တာ

၂၀၀၈ ခုနှစ်အတွင်း အကြမ်းဖက်မှု ၁၀၄မှု ရုရှားအစိုးရ တားဆီးကာကွယ်နိုင်ခဲ့ဟုဆို

မော်စကို မတ် ၁၄

ရုရှားနိုင်ငံတွင် ၂၀၀၈ ခုနှစ်အတွင်းက အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှု စုစုပေါင်း ၁၀၄မှုကို တားဆီးကာကွယ်နိုင်ခဲ့ကြောင်း မတ် ၁၁ရက်က ထုတ်ပြန်သည့် ဥပဒေထိန်းသိမ်းရေးဌာန၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဖော်ပြ

အကြမ်းဖက်သမားများ စီစဉ်ထားသည့် တိုက်ခိုက်မှုများတွင် လွန်ခဲ့သည့် နွေရာသီကာလအတွင်းက အနာပါနှင့် ဆိုချီအပန်းဖြေစခန်းများကို တိုက်ခိုက်မည့်အစီအစဉ်ပါဝင်ကြောင်း၊ ယင်းမြို့များတွင် ၂၀၁၄ခုနှစ် ဆောင်းရာသီအိုလံပစ်အားကစားပွဲများ လက်ခံကျင်းပရန် စီစဉ်ထားကြောင်း အစိုးရလုံခြုံရေးဌာန၏ ပြောကြားချက်ကို ကိုးကား၍ အာရ်အိုင်အေ နိုဗိုစတီသတင်းဌာနက ဖော်ပြသည်။

တိုက်ခိုက်

ရုရှားအထူးတပ်ဖွဲ့ဝင်များက ဂိုဏ်းခေါင်းဆောင် ၂၃ဦးအပါအဝင် စစ်သွေးကြွ ၂၄၃ဦးအား ရုရှားတောင်ပိုင်းဒေသတွင် သတ်ဖြတ်ခဲ့သည်ဟု အထက်ပါသတင်းဌာနက ဆက်လက်ဖော်ပြသည်။ ယင်းဒေသတွင် လွန်ခဲ့သည့်နှစ်ပတ်အတွင်းက ခွဲထွက်ရေးသမားများနှင့် အကြမ်းဖက်သမားများ မကြာခဏတိုက်ခိုက်ခဲ့သည်။

စစ်သွေးကြွ ၅၇၆ဦးအား ထိန်းသိမ်းနိုင်ခဲ့ပြီး လက်နက်သိုဝှက်ထားသည့် နေရာပေါင်း ၆၄၀နှင့် စစ်သွေးကြွအခြေစိုက်စခန်းများကို သိမ်းပိုက်ခဲ့သည်။ သိမ်းပိုက်ခဲ့သည့် ပစ္စည်းများတွင် လက်နက် ၃၄၀၇ လက်၊ ပေါက်ကွဲစေနိုင်သည့် ခဲယမ်းမီးကျောက် ၂၄၀၁ကီလိုဂရမ်နှင့် လက်လုပ်ဗုံး ၄၅၄လုံးတို့ ပါဝင်ကြောင်း အာရ်အိုင်အေသတင်းဌာနက ဆက်လက်ဖော်ပြသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**



မီးလောင်မှုဖြစ်ပွား

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ အကြီးဆုံးကုန်တိုက်ကြီး၌ မီးလောင်မှု ဖြစ်ပွားလျက်ရှိသည်ကို မတ် ၁၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဒါကာ၌ ကုန်တိုက်ကြီး မီးလောင် ခုနစ်ဦးသေဆုံး၊ ၄၀ ခန့်ဒဏ်ရာရ

ဒါကာ မတ် ၁၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ အကြီးဆုံးကုန်တိုက်ကြီးတစ်ခု၌ မတ် ၁၃ ရက်က မီးလောင်မှု ဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး လူ ၄၀ နီးပါး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အပြင် စီးပွားရေးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများလည်း ကြီးမားစွာ ဖြစ်ပေါ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စတင်

အထပ် ၂၁ထပ်ပါရှိသည့် အဆောက်အအုံ၏ ၁၇ထပ်မြောက်မှ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း၊ သေဆုံးသူများတွင် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးလည်း ပါဝင်ကြောင်း၊ ဒဏ်ရာရရှိသူများအနက် နှစ်ဦး၏အခြေအနေမှာ စိုးရိမ်ရကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

ပျက်စီး

ယင်းမီးလောင်ကျွမ်းမှုကြောင့် အမေရိကန်ဒေါ်လာ ၁၄ဒသမ၃သန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ (အင်တာနက်)

ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ

တောင်ငူမြို့နယ် ကျောင်းကုန်းကျေးရွာတွင်ကျင်းပ

တောင်ငူ မတ် ၁၄

တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ထွန်းသစ္စာစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် နံနက် ၉နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ လက်ထောက်ပညာရေးမှူး ဦးကိုကိုဦးနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးခင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စာကြည့်တိုက်ဖွင့်ပွဲ

ဆက်လက်၍ထွန်းသစ္စာစာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ စာကြည့်တိုက် အဆောက်အအုံကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးမင်း၊ အလှူရှင်ကိုယ်စား ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထွန်းသစ္စာ စာကြည့်တိုက်အတွက် မြို့နယ်ဥက္ကဋ္ဌက စာအုပ်စာစောင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက သုတ၊ ရသစာအုပ် ၁၅၀ ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ စာကြည့်တိုက်ကို ငွေကျပ် ဖိ၁သိန်း အကုန်အကျခံ ဆောက်လုပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကဝမြို့နယ် အဒူးကျေးရွာ ပညာ့အလင်းစာကြည့်တိုက်ဖွင့်

ကဝ မတ် ၁၄

ပဲခူးတိုင်း ကဝမြို့နယ် အဒူးကျေးရွာ ပညာ့အလင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ်၄ရက် နံနက်၉နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ကဝမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ငွေးစုလှိုင်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညဏ်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

လှည့်လည်ကြည့်ရှု

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိုးမိုးလှိုင်က အလှူငွေကျပ်၁၀၀၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးဒေါ်သူဇာဝင်းတို့က အလှူငွေကျပ် ၁၀၀၀၀နှင့်အတူ စာအုပ်စာစောင်များ၊ အဒူးကျေးရွာမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ်၁၀၀၀၀စီ စာကြည့်တိုက်သို့ လှူဒါန်းကြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ငွေးနှင့် အဖွဲ့သည် စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

KMD Sales & Service Centre မှ ဖြန့်ချိမည့် PROLiNK LCD Monitor များအကြောင်း စာနယ်ဇင်းရှင်းလင်း

ရန်ကုန် မတ် ၁၄

ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်သော PROLiNK LCD Monitor များကို KMD Sales & Service Centre မှ မြန်မာပြည်၏တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် စတင်ဖြန့်ချိမည့်အကြောင်း စာနယ်ဇင်းမိတ်ဆက်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ Cafe Blue ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် KMD Group of Companies ၏ Business Development Manager ဒေါ်အိအိမွန်က PROLiNK LCD Monitor နှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

PROLiNKအမှတ်တံဆိပ်ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ၁၉၉၁ခုနှစ်မှစ၍ သုံးစွဲသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီအောင် အမြဲတီထွင်ဆန်းသစ်လျက်ရှိသည့်အပြင် ဈေးနှုန်းချိုသာအောင် ထုတ်လုပ်ဖြန့်ချိလျက်ရှိသည်။ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်မှုအတွက် အသိအမှတ်ပြုလက်မှတ်ဖြစ်သော ISO 9001 Quality Certificate ကို ၁၉၉၉ခုနှစ်တွင် ရရှိခဲ့သည်။

ရောင်းချပေးမည်

PROLiNK LCD Monitor များကို ဈေးကွက်သို့ စတင်မိတ်ဆက်ဖြန့်ချိသော အထိမ်းအမှတ်အဖြစ် မတ် ၂၁ ရက် (စနေနေ့) မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ Strand Hotel မင်္ဂလာခန်းမ၌ ကျင်းပမည့် KMD Sales & Service Centre ၏နွေဦးအကြိုအထူးဈေးရောင်းပွဲ၌ PROLiNK 16'' LCD Monitor တစ်လုံးကိုငွေကျပ်၇၉၀၀၀နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဝယ်ယူထားသော PROLiNK LCD Monitors များနှင့် ပတ်သက်၍ 3 years Parts & service warranty (LCD panel-1 year parts warranty) ဖြင့် ဝန်ဆောင်မှုပေးသွားမည် ဖြစ်ပြီး PROLiNK LCD ဝယ်ယူသူတိုင်းအား ကံစမ်းမဲလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကာ ကံထူးရှင်များကို ခြောက်လကြာလျှင် ကြေညာ၍ အခမ်းအနားဖြင့် ဆုများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်းနိုင်

PROLiNK LCD Monitor များသာမက အခြားကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို KMD Sales & Service Centre က တစ်ဦးတည်း ကိုယ်စားလှယ်အနေဖြင့် ဖြန့်ချိရောင်းချပေးသွားမည် ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက KMD Sales & Service Centre အမှတ် ၅၅၀-၅၅၂ ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၂၀၄၀၇၁၊ ၂၄၅၁၈၀၊ ၃၈၄၁၀၉၊ ၅၀၃၅၁၁နှင့် ၅၀၃၅၂၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ဇန်နဝါရီ ၉ရက်က မတ္တရာမြို့ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည်စိုးဝင်းကျော်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပေါင်မြို့နယ်၌ ရှေးဦးပြုစုခြင်း အခြေခံအဆင့်သင်တန်းဆင်း

ပေါင် မတ် ၁၄

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနနှင့်ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဖွင့်လှစ်သော ရှေးဦးပြုစုခြင်းပညာ အခြေခံအဆင့်သင်တန်း(၁/၂၀၀၉) ဆင်းပွဲကို ဖေဖော်ဝါရီ ၅ရက်က ပေါင်မြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးထွန်းမြက သင်တန်းဆင်း အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

တောင်ကြီး၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာပြသမည်

တောင်ကြီး မတ် ၁၄

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(ရှမ်းပြည်နယ်)နှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း(ရှမ်းပြည်နယ်)တို့ ပူးပေါင်းကျင်းပသည့် ရှမ်းပြည်နယ် တတိယအကြိမ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ(တောင်ကြီး)ကို မတ်၂၀ရက်မှ မတ်၂၆ရက်အထိ သုံးရက်တိုင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် ကွန်ပျူတာပန်းချီပြိုင်ပွဲ (အခြေခံပညာအဆင့်)၊ ကွန်ပျူတာဉာဏ်စမ်းပဟေဠိပြိုင်ပွဲများနှင့် ကွန်ပျူတာဂိမ်းပြိုင်ပွဲများ ထည့်သွင်း၍ နံနက်၉နာရီမှ ညနေ၅နာရီအထိ ကျင်းပမည်ဖြစ်သဖြင့် မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(တောင်ကြီးကိုယ်ပွား)**

15-3 (05).pmd 1 3/15/2009, 1:40 AM

ပြောင်းလဲတိုးတက်သည့်အခြေအနေများ မျက်ခြည်မပြတ်စူးစမ်းလေ့လာ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး လေ့ကျင့်သင်ကြားပေး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့၌

ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၁၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ဆက်လက်ကျင်းပသည်။

စာတမ်းများတင်ပြ

အစီအစဉ်အရ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဦးသိန်းဇော်က Banking Network တည်ဆောက်၍ ICT နည်းပညာဖြင့် ဘဏ်လုပ်ငန်း ဆောင်ရွက်ခြင်းစာတမ်း၊ မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာဦးလှမြင့်အောင်က နေပြည်တော်နှင့်ပြည်နယ်၊တိုင်း မြို့ကြီးများ၌ On Line စနစ်ဖြင့် ငွေသွင်း၊ ငွေထုတ်ပြုလုပ်နိုင်ရေး လေ့လာတင်ပြချက်စာတမ်း၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရီက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင်ဆောင်ရွက်လျက်ရှိသော ပြည်ပပို့ကုန်လုပ်ငန်းအား လေ့လာသုံးသပ်ခြင်းစာတမ်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြသန်းက ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင် ငွေကြေး ထောက်ပံ့ပေးခြင်းဆိုင်ရာ လေ့လာခြင်းစာတမ်း၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးလှအောင်က ပြည်တွင်း၌ ဆောင်ရွက်နေသည့် ပြည်ပမှအသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်း အဖွဲ့အစည်းများစာတမ်း၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က သူတစ်ပါးထိခိုက်မှုနှင့် အလုံးစုံ မော်တော်ယာဉ်အာမခံလုပ်ငန်း စာတမ်း၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိုးသိန်းက စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို လေ့လာတင်ပြခြင်းစာတမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးသိန်းနိုင်က ဗဟိုအစိုးရနှင့် ဒေသအစိုးရများ၏ အခွန်ဆိုင်ရာ ဆောင်ရွက်မှုလေ့လာတင်ပြခြင်း စာတမ်း၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း အကောက်ခွန်လျှော့ပေါ့ရေးဆိုင်ရာ သဘောတူညီချက်အရ မြန်မာနိုင်ငံ၏ အကောက်ခွန်နှုန်းထားလျှော့ချမှု အစီအစဉ်စာတမ်းနှင့် ပင်စင်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြူက ပင်စင်အကျိုးခံစားခွင့်ရှိသော လုပ်သက်များနှင့် လုပ်သက်ဆက်စပ်ခြင်း ကိစ္စရပ်များအား လေ့လာဆန်းစစ်တင်ပြခြင်းစာတမ်းတို့ကို တင်ပြကြရာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

နိုင်မာတည်ငြိမ်

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက ပြည်တွင်းဘဏ်လုပ်ငန်း၊ ပြည်ပဘဏ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ နိုင်မာတည်ငြိမ်သော ငွေရေးကြေးရေး အဆောက်အအုံဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက ဌာနအသီးသီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက ဌာနတိုင်းသည် မိမိတာဝန်ထမ်းဆောင်ရာ လုပ်ငန်းနယ်ပယ်၏ သဘောသဘာဝနှင့်ပြောင်းလဲတိုးတက်လျက်ရှိသည့် အခြေအနေများကို မျက်ခြည်မပြတ် စူးစမ်းလေ့လာခြင်းနှင့် ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန် လေ့ကျင့်သင်ကြားပေးခြင်း (Research and Training) လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်သွားကြရန် အထူးအရေးကြီးကြောင်း၊ ဌာနတာဝန်ခံ၊ ဒေသတာဝန်ခံများအနေဖြင့်လည်း ဌာနအလိုက်၊ ပြည်နယ်၊ တိုင်းအလိုက် မိမိလက်အောက်ဝန်ထမ်းများ စွမ်းရည်ပြည့်ဝစေရေးနှင့် စနစ်တကျရှိစေရေး အမြဲဂရုပြုကြပ်မတ်နေရန် လိုအပ်ကြောင်းဖြင့် နိဂုံးချုပ်မှာကြားသွားကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

လမ်းပြုပြင်ထိန်းသိမ်းမှု

ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံအနီး ပြည်လမ်းအား ပြုပြင်ထိန်းသိမ်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့တော်စည်ပင်)

လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်မှု မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့ နံနက် စနာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံအနီး ပြည်လမ်း ယာဉ်သွားလာမှု လွယ်ကူစေရေးအတွက် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က လူအား၊ စက်ယန္တရားအားတို့ဖြင့် ပြုပြင်ထိန်းသိမ်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင်လမ်း ဝဲယာတစ်လျှောက်၌ စိမ်းလန်းစိုပြည်လှပရေးအတွက် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ပန်းအလှပင်များ၊ အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်သည် တောင်ဥက္ကလာပမြို့နယ်သို့ သွားရောက်ပြီး အမှတ်(၅) ရပ်ကွက် ပင်းယလမ်းသွယ်(၁၀)လမ်း ကျောက်ချောကတ္တရာလမ်း အဆင့်မြှင့်ခင်းကျင်းပြီးစီးမှုနှင့် သောက်သုံးရေပိုက်လိုင်းများ စနစ်တကျ သွယ်တန်းဆောင်ရွက်မည့်အခြေအနေ၊ တကောင်းလမ်းသွယ် ၉လမ်း ကွန်ကရစ်လမ်း အဆင့်မြှင့်ဆောင်ရွက်မည့် အခြေအနေနှင့် အားကစားကွင်း ပြုလုပ်မည့် အခြေအနေ၊ တကောင်းလမ်းသွယ် ၇လမ်း ကွန်ကရစ်လမ်း အဆင့်မြှင့်ဆောင်ရွက်မည့် အခြေအနေနှင့် ရပ်ကွက်ပတ်လမ်း ဖောက်လုပ်မည့်အခြေအနေ၊ အမှတ်(၂၅) အခြေခံပညာမူလတန်းကျောင်းဝင်း၌ အားကစားကွင်း ပြုလုပ်မည့် အခြေအနေ၊ ပင်းယလမ်းသွယ်၁၄လမ်း ကွန်ကရစ်လမ်း အဆင့်မြှင့်ဆောင်ရွက်မည့် အခြေအနေနှင့် လမ်းဘေးဝဲယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု၊ ပင်းယလမ်းသွယ် ၁၃ လမ်း ကျောက်ချောကတ္တရာလမ်း အဆင့်မြှင့်ထပ်ပိုးခင်းရန် ဆောင်ရွက်မည့်အခြေအနေ၊ အမှတ်(၁၀)ရပ်ကွက်မှ ဗလ္လိကလမ်းအား ကျောက်ချောကတ္တရာလမ်း အဆင့်မြှင့်ဆောင်ရွက်ရန် ကျောက်စီခင်းကျင်းထားရှိမှု၊ မေတ္တာလမ်း ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းခြင်း လုပ်ငန်းနှင့် (၁၃)ရပ်ကွက်မှ ၃၇လမ်း ကျောက်ချောကတ္တရာခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားကာ သက်ဆိုင်ရာ ရပ်ကွက်များမှ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် မြို့တော်ဝန်သည် သာကေတမြို့နယ် ၄/တောင်ရပ်ကွက်ရှိ အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း အသစ် ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သော ကသဲတန်းလမ်း ထပ်ပိုး ကတ္တရာခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၄ရက်က ပဲခူးတိုင်း (အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ညီညီဆွေတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၃-၂၀၀၉ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**တမလွန်အေးကြောင်းတရားတော်** [အရှင်ဥတ္တရ (ကျိုက်ဒေးယျုံဆရာတော်)]
၈း၀၅-၂း၀၅	Sunday Talk [ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ ကိုကို (စက်မှုတက္ကသိုလ်)]
၉း၀၅-၃း၀၅	တေးဂီတအစီအစဉ်
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	ပြည်သူပျိုးသည့် လူငယ်ဖွံ့ဖြိုးရေးစခန်း ရွှေဘိုမြို့
၉း၃၅-၃း၃၅	ကမ္ဘာ့အားကစားဇာတ်ခုံ
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	ကျိုက်လတ်ဂုဏ်ဆောင်ပညာအောင်ပွဲ
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	ပတ္တမြားမြေရဲ့ အလှသက်သေ
၁၀း၄၀-၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၁း၀၅-၅း၀၅	သားဖွားမီးယပ်ပညာမှသည် အမျိုးသမီးထုကြီးအတွက်
၁၁း၃၅-၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀-၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅-၅း၄၅	Activities in the City (GS Battery)
၁၁း၅၅-၅း၅၅	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ကိုစိန်ဝင်း)
၁၂း၂၀-၆း၂၀	51st GRAMMY Awards Part-1
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV- 4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Chelsea-Man City	ESPN (Live)
၁၀း၂၅	Aston Villa-Tottenham	ESPN (Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Lazio-Chievo	5-Cartoons (Live)
၂း၀၀	Inter-Fiorentina	5-Cartoons (Live)

ပင်စင်အကျိုးခံစားခွင့်ရှိသော လုပ်သက်များနှင့် လုပ်သက်ဆက်စပ်ခြင်း လေ့လာဆန်းစစ်ချက် စာတမ်းဆွေးနွေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရှစ်မိုင်လမ်းဆုံ၌ လူအား၊ ယန္တရားအားတို့ဖြင့် လမ်းပြုပြင်ထိန်းသိမ်း

15-3 (06).pmd 1 3/15/2009, 1:40 AM

■ *ကျောဖုံးမှ*

ခြေလှမ်းသစ်

ယခုအခါ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သည် နိုင်ငံ့အကြီးအကဲများ၏ ညွှန်ပြပံ့ပိုးပေးမှု၊ ဘောလုံးကို ချစ်သော တိုင်းရင်းသား စီးပွားရေး လုပ်ငန်းရှင်များ၏ တတ်အားသရွေ့ ပါဝင်ပူးပေါင်း ဆောင်ရွက်မှု၊ ဘောလုံးချစ် မြန်မာ ပရိသတ်များနှင့် သတင်းနှင့် မီဒီယာများ၏ စေ့ဆော်တွန်းအားပေးမှုများဖြင့် မြန်မာဘောလုံး အမှန်တကယ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိကလိုအပ်ချက် တစ်ခုဖြစ်သော ပရော်ဖက်ရှင်နယ်လိဂ် ပုံစံစနစ်မျိုး ကူးပြောင်း ဆောင်ရွက် နိုင်ရန် အရှိန်အဟုန်ဖြင့် ကြိုးစား ဆောင်ရွက်နေသည်ကို တွေ့ရသည်။ နှစ်ပေါင်းတစ်ရာကျော် အပျော်တမ်း ပုံစံဖြင့်သာ သွားနေခဲ့ရသော ပြည်တွင်း ဘောလုံးကို ယခုအခါ မဖြစ်မနေ ဆောင်ရွက်မှုလည်း မရှိမဖြစ် လိုအပ် လှပေသည်။ ယခုနှစ်တွင် ပရီလိဂ်အသင်းများ ပေါ်ထွန်းလာအောင် ငွေကုန်၊ အချိန်ကုန် အရင်းအနှီးများစွာဖြင့် လူအား၊ ငွေအား၊ စေတနာအားများ စိုက်ထုတ်ကာ အဆင့်မီ ပရီအသင်းများ တည်ထောင် ပေးသည့် အသင်းပိုင်ရှင် တိုင်းရင်းသား စီးပွားရေး လုပ်ငန်းရှင်ကြီးများနှင့် သက်ဆိုင်ရာ အသင်းတာဝန်ရှိသူများ၊ ပြိုင်ပွဲများ အဆင့်မီကျင်းပနိုင်ရေးအတွက် ငွေကြေးများစွာ ထည့်ဝင်ပံ့ပိုး လှူဒါန်း ပေးမည့် Main Sponser ဖြစ်သည့် IBTC ကုမ္ပဏီနှင့် Co-sponsor များ၊ အပြုသဘောဆောင်သည့် ဝေဖန် အကြံပေးမှုများ ပေးနေကြသည့် ဘောလုံး ကျွမ်းကျင်သူများနှင့် မီဒီယာများကိုလည်း မှတ်တမ်းတင် အသိအမှတ်ပြုရမည်ဖြစ် သည်။ ဘောလုံး၊ မီဒီယာနှင့် ပရိသတ်မှာ တစ်ခုနှင့်တစ်ခု ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ သဘောဖြစ်နေ၍ ဘောလုံးအဆင့်အတန်း အသင်းတိုင်းက တောင့်တင်းမှုရှိနေမှသာ ပရီလိဂ်ပြိုင်ပွဲမှာ ပိုမို အကြိတ်အနယ် ရှိလာပြီး ပရိသတ်ကို ဆွဲဆောင်နိုင်မည့် အပြင် အောင်မြင်မှု အသီးအပွင့်ကိုလည်း အချိန်တိုအတွင်း ပြန်လည်မျှော်လင့်နိုင်မည် ဖြစ်ပေသည်။ Myanmar National League မှ ပြဋ္ဌာန်း သတ်မှတ်ပေးထား သည့် ပရီအသင်း ဖွဲ့စည်းမှုဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ပရီအသင်းများ ကို အသေးစိတ် အဆင့်မီစွာ ဖွဲ့စည်းရမည် ဖြစ်သော်လည်း ပထမအနေဖြင့် အသင်း အုပ်ချုပ်မှုအဖွဲ့၊ နည်းပြအဖွဲ့နှင့် အဆင့်မီ အားကစားသမားများကို အပြိုင်အဆိုင် ရှာဖွေစုဆောင်းနိုင်ရေးကို ဦးစားပေး ဆောင်ရွက်သင့်သည်ဟု ယူဆမိပါသည်။ ဓနအင်အား မည်မျှရှိရှိ နည်းပြကောင်းနှင့် အဆင့်မီ ကစားသမားကောင်းများ မစုစည်း နိုင်လျှင် မြင့်မားသည့် အောင်မြင်မှုကို မျှော်မှန်းနိုင်မည် မဟုတ်ဘဲ ပရိသတ် ကိုလည်း အပြည့်အဝ ဆွဲဆောင်နိုင်မည် လုပ်ငန်းများကို အံဝင်ခွင်ကျ ဆောင်ရွက် နိုင်စေရန်နှင့် ပရီလိဂ်ပြိုင်ပွဲကြီးကို အဆင့် မီမီ စည်ကားသိုက်မြိုက်စွာ ကျင်းပ နိုင်ရေးအတွက် ပရီဆန်ဆန်ဖြင့် ယခင် ကထက် သွက်လက်မြန်ဆန်သော လှုပ်ရှားဆောင်ရွက်မှုများ ဖြစ်စေရန် အပတ်တကုတ် ကြိုးစားဆောင်ရွက် လျက်ရှိသည်ကိုလည်း အားရဖွယ်တွေ့ရ သည်။ ယခု ပထမနှစ်ဖြစ်သော ၂၀၀၉ တွင် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများ၌ ပရီလိဂ် ဖွင့်ပွဲအခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွား မည့်အပြင် Pro-Leauge Cup ပြိုင်ပွဲ သဘောမျိုးဖြင့် ပရီလိဂ် ပထမခြေလှမ်း အဖြစ် ပရီအသင်းအားလုံး ပွဲများများ ကစားခွင့် ရစေရန်နှင့် ပရိသတ်များ အများအပြား လာရောက်ကြည့်ရှုစေရန် အတွက် အသေးစိတ် အစီအစဉ်များ ချမှတ် ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရ သည်။

ပရီလိဂ်အသင်းရှစ်သင်းမှ တာဝန်ရှိသူများနှင့် မြန်မာနေရှင်နယ်လိဂ် တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်မှာ ....။ (မြန်မာ့အလင်း)

ပရီစနစ်သို့ ချက်ချင်းကူးပြောင်းရသည့် လုပ်ငန်းသည် ချက်ချင်း အောင်မြင်မှု ရမည်မဟုတ်ဘဲ အခက်အခဲ များစွာ ကြုံတွေ့ရမည်ကို သိရှိသဘောပေါက် သော်လည်း မြန်မာ့ဘောလုံး အနာဂတ် အတွက် မဖြစ်မနေ လုပ်ဆောင်ရမည့် တာဝန်ကြီး ဖြစ်ပါသည်။ အခက်အခဲ အတားအဆီးများကြားက မဖြစ်မနေ အောင်မြင်သည်အထိ ဖွဲနပဲဖြင့် ကြိုးစား ဖော်ဆောင်သွားရန် ဆုံးဖြတ်ထားပုံရ သည်။ ဆုံးဖြတ်ထားသည့်အတိုင်းလည်း မဖြစ်ဖြစ်အောင် ကြိုးစား လုပ်ဆောင် နေကြသည်ကို တွေ့ရသည်။ အနာဂတ် မြန်မာ့ဘောလုံး အောင်မြင်မှုအတွက် ခက်ခဲသော ခြေလှမ်းသစ်တစ်လှမ်းကို စတင် လှမ်းလှမ်းနေခြင်းပင်....။

ကျေးဇူးတင်အသိအမှတ်ပြုရမည်

သို့သော် မြန်မာပရီလိဂ်ကြီး အခိုင် အမာ ပေါ်ထွန်းဖြစ်တည်လာရေးမှာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် တစ်ဖွဲ့ တည်း ဖော်ဆောင်ကြိုးစား၍ မရဘဲ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှု အပါ အဝင် အလွှာပေါင်းစုံမှ ဘောလုံးချစ် ပရိသတ်များက ပါဝင်ကူညီ ပူးပေါင်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပရိသတ်များ၏ စိတ်ဝင်တစားအားပေးမှုကလည်း အရေး ပါသော တွန်းအားတစ်ရပ်ပင် ဖြစ်သည်။

အမြန်ဆုံးဆောင်ရွက်ရမည့် အခြေခံလိုအပ်ချက်

မြန်မာပရီလိဂ်ကို အောင်မြင်အောင် အကောင်အထည် ဖော်နိုင်ရေးအတွက် အခြေခံလိုအပ်ချက် များစွာရှိနေသည့် အထဲတွင် ပထမဆုံး လိုအပ်ချက်မှာ ပရီ အသင်းများ ဖွဲ့စည်းတည်ထောင်ပြိုင်ပွဲ ဝင်ရန် တာဝန်ယူထားသော တိုင်းရင်း သားစီးပွားရေး လုပ်ငန်းရှင်ကြီးများ အနေဖြင့် မိမိတို့အသင်းအား အဆင့်မီမီ အမြန်ဖွဲ့စည်းနိုင်ရေးအတွက် အကောင်းဆုံး စီမံဆောင်ရွက်ရေးပင် ဖြစ်သည်။ လက်ရှိ မြန်မာ့ဘောလုံးလောက၏ အခြေအနေအရ ဘောလုံးသမားကောင်းများနှင့် အဆင့်မီ နည်းပြများ နည်းပါးနေသေးသော်လည်း မိမိတို့အသင်းအား ရသည့်အချိန်နှင့် အခြေ အနေများကြားကပင် အတောင့်တင်းဆုံးနှင့် အမြန်ဆုံး ဖွဲ့စည်းထားစေရန် မိမိတို့ တာဝန်ပေးထားသည့် ပုဂ္ဂိုလ်များအား တွန်းအားပေး ဆောင်ရွက်သင့်ပေသည်။ မဟုတ်ပါ။ ထိုအချက်ကိုလည်း စာရေးသူ တို့ထက် အတွေ့အကြုံဗဟုသုတ၊ အမြော် အမြင် ပိုကြီးမားသော စီးပွားရေးလုပ်ငန်း ရှင်ကြီးများ သိရှိကြမည်သာဖြစ်ပါ၏။

ရေရှည်အတွက်

ပရီအသင်းများအနေဖြင့် မိမိတို့၏ မျှော်လင့်ချက် ဘောလုံးဂုဏ်သိက္ခာအရ ပရီလိဂ်ပြိုင်ပွဲဝင်သည့်အခါ အောင်မြင်မှုကို မျှော်လင့်နိုင်သော အဆင့်မီ အသင်းများ ဖွဲ့စည်းနိုင်ရေးအတွက် စီမံကြိုးစား ဆောင် ရွက်ရမည်ဖြစ်သကဲ့သို့ ရေရှည် အသင်း ရပ်တည်နိုင်ရေးနှင့် အနာဂတ်အောင်မြင်မှု ကိုလည်း မျှော်မှန်းနိုင်ရေးအတွက် MNL က ပြဋ္ဌာန်းသတ်မှတ် နှိုးဆော်ထားသည့် အတိုင်း Youth Development အစီ အစဉ်များကိုလည်း စနစ်တကျ ဖော်ဆောင် သွားရဦးမည်ဖြစ်သည်။ လိုအပ်ချက်အရ ရေရှည်တွင် အသင်းကြီးကို အထောက်အကူ ပေးနိုင်သည့် လူငယ်အသင်းများ၊ အရန် အသင်းများကိုလည်း ဖွဲ့စည်းဆောင်ရွက် သွားရမည်ဖြစ်သည်။ MFF နှင့် ညှိနှိုင်း ဆွေးနွေးထားချက်အရ အနည်းဆုံး ယူ-၁၇ အသင်း တစ်သင်းစီကို ဖွဲ့စည်းနိုင်ရေး အတွက် အကောင်အထည်ဖော်ဆောင်ရွက် ရပေဦးမည်။ ထိုသို့ ဆောင်ရွက်ရာတွင် လည်း အသက်မှန်ကန်ရေး၊ ရေရှည် သက်ဆိုင်ရာဒေသနှင့် နယ်ခံပရိသတ်များ အခိုင်အမာ ရရှိလာစေရေးအတွက် လူငယ် ကစားသမားများကို မိမိတို့ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း ဒေသများမှ ဦးစွာ ကစား သမားများ စုဆောင်းခေါ်ယူနိုင်ရေးအတွက် လည်း အစီအမံများချမှတ်၍ ဆောင်ရွက် သင့်သည်။ သို့မှသာ အဆိုပါ ကစားသမား များ လာမည့် နှစ်နှစ်၊ သုံးနှစ်အတွင်း၌ မိမိအသင်းအတွက် အားထားရမည့် ကစား သမားများ ဖြစ်လာပြီး ဒေသစွဲစိတ်ကြောင့် မိမိအသင်းအတွက် ဒေသခံပရိသတ်များ လည်း တိုးပွားလာနိုင်ပါသည်။ ထို့အပြင် ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အချို့ကို ကိုယ်စားပြု ဖွဲ့စည်းထားသော မိမိတို့ ပရီအသင်းများအနေဖြင့်လည်း လာမည့် နှစ်များတွင် မြန်မာပရီလိဂ်ကို Home and Away စနစ် ကျင့်သုံးကျင်းပလာ သည့်အချိန်၌ မြို့ခံ၊ နယ်ခံပရိသတ်များ အခိုင်အမာရရှိနိုင်ရေးအတွက် နည်းလမ်း ပေါင်းစုံဖြင့် လှုံ့ဆော်စည်းရုံး ဆောင်ရွက် သွားရမည်ဖြစ်သည်။

စီစဉ်ဆောင်ရွက်နေ

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က လည်း ပရီလိဂ် ပြောင်းမည့်အချိန်တွင်

သို့ဖြစ်၍ ပရီလိဂ်အသင်းများ အနေဖြင့်လည်း မိမိတို့အသင်း ကစား သည့် ပွဲများတွင် ပရိသတ်များစွာ လာရောက်ကြည့်ရှု အားပေးစေရန်နှင့် အသင်း၏ ခြေစွမ်းအဆင့်အတန်း မြင့်မား စေရန် အစီအစဉ်တကျ ကြိုတင်ဆောင် ရွက်ထားသင့်သည်ဟု ဆိုချင်ပါသည်။ မိမိတို့ ခေါ်ယူစုဆောင်းလိုသော နည်းပြ နှင့် ကစားသမားများကို ယခုလာမည့် အင်္ဂါနေ့မှစတင်၍ ပရီစည်းမျဉ်းများနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တွင် Contract Singing များ လာရောက် ပြုလုပ်ကြတော့မည်ဖြစ်ရာ သတင်းနှင့် မီဒီယာများ အပိုင်းကလည်း ပရီလိဂ် ပြိုင်ပွဲကြီးကို တစ်မျိုးသားလုံး စိတ်ဝင် စားလာအောင် ယခုထက်ပို၍ သတင်း ရယူ လှုံ့ဆော်ဖော်ပြ ရေးသားမှုများ ပြုလုပ်ကာ ပံ့ပိုးဆောင်ရွက်သွားကြ မည်ဟု မျှော်လင့်မိပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာ

မြန်မာပရီလိဂ်ဖြစ်သော Myanmar National League ကြီး အောင်မြင်စွာ ပေါ်ထွန်းလာစေရန်နှင့် နိုင်ငံတကာက လက်ခံစိတ်ဝင်စားသည့် ပရီလိဂ်ပြိုင်ပွဲကြီး ဖြစ်စေရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယခင်က ကဲ့သို့ ရန်ကုန်မြို့တွင်သာ အခြေပြုကာ လုပ်ငန်းများ လုပ်ဆောင်ခြင်းမျိုး ပြုလုပ် တော့မည်မဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး အမျိုးသားရေးအမြင်ဖြင့် ပြည်နယ်နှင့် တိုင်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင် ရာ ပရီအသင်းများမှ ကိုယ်စားလှယ် များကိုပါ အမှုဆောင်အဖွဲ့များဖြင့် တိုးချဲ့ ဖွဲ့စည်းကာ တစ်နိုင်ငံလုံး အတိုင်းအတာ ဖြင့် ဘောလုံးကို အရှိန်အဟုန်မြှင့် တိုးတက်လာစေရေးအတွက် ဆောင်ရွက် တော့မည်ဟုလည်း သတင်းစကား ကြားသိရသည်။

တက်ညီလက်ညီ

သို့ဖြစ်၍ တစ်မျိုးသားလုံးနှင့် စပ်ဆိုင်သော ဘောလုံးအားကစား ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူဖြစ်စေ မည့် မြန်မာပရီလိဂ်ပြိုင်ပွဲကြီး အချိန်တို အတွင်း ပေါ်ထွန်းအောင်မြင်ရေးအတွက် ဘောလုံးကိုချစ်သော ပြည်သူအားလုံးက တက်ညီလက်ညီဖြင့် ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါ ကြောင်း ဘောလုံးချစ်စိတ်ဖြင့် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း **အင်တာနက်ဖော်ပြပါသတင်း**

ဂျပန်ခရီးသည်တင်လေယာဉ် ငှက်အုပ်နှင့် တိုက်မိ၍ အရေးပေါ်ဆင်းသက်ခဲ့ရ

ရှန်ဟိုင်း မတ် ၁၄

ခရီးသည် ၂၀၈ဦးနှင့် လေယာဉ်အမှုထမ်း ၁၄ဦးကို တင်ဆောင်ထားသော ဂျပန်ခရီးသည်တင် လေယာဉ်တစ်စင်းသည် မတ်၁၄ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီခွဲက တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ပေါင်ကျောင်လေဆိပ်မှ ပျံတက်ပြီး ၁၀မိနစ်ခန့်အကြာ ပူတောင်လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း တရုတ် လေကြောင်းအရာရှိများက ပြောကြားသည်။

အင်ဂျင်ချွတ်ယွင်း

ဂျပန်လေကြောင်းလိုင်းမှ အဆိုပါ ခရီးသည်တင်လေယာဉ်တွင် အင်ဂျင် ချွတ်ယွင်းမှု ရုတ်တရက်ဖြစ်ပေါ်လာသဖြင့် လေယာဉ်မှူးက လေဆိပ်သို့ အရေးပေါ် ဆင်းသက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အရေးပေါ်ဆင်းသက်

လေယာဉ်မှာ လေဆိပ်မှပျံအတက်တွင် ငှက်အုပ်နှင့် တိုက်မိခဲ့သဖြင့် ယခု ကဲ့သို့ အင်ဂျင်ချွတ်ယွင်းမှု ဖြစ်ပွားကာ အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည် ဟု စုံစမ်းစစ်ဆေးသူများက ပြောကြားသည်။ လေယာဉ်အရေးပေါ် ဆင်းသက်မှု ကြောင့် တစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိကြောင်း သိရသည်။

မြန်မာ့အလင်း **သ တင်း ပ ဒေ သာ အ တို အ ထွာ**

ရန်ကုန် မတ် ၁၄

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်ဟောပြောပွဲ

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ သိရှိနားလည်ထားရန် လိုအပ်သော Myanmar Standard on Auditing ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ်၂၂ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများ CPE နာရီထောက်ခံချက်ရရှိမည်ဖြစ်ပြီး အသေးစိတ်ကို ဖုန်း-၂၁၄၆၅၃သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အင်တာနက်နှင့် အီးမေးလ်သင်တန်းဖွင့်မည်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel) တို့ပူးပေါင်း၍ အင်တာနက် နှင့် အီးမေးလ်သင်တန်းကို မတ်၃၀ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်း ဖုန်း-၂၅၂၅၈၉ သို့ ဆက်သွယ်တက်ရောက်နိုင်သည်။

ဓာတ်ပုံအသင်းပြပွဲနှင့် အစည်းအဝေးကျင်းပမည်

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းနှစ်ပတ်လည်ဓာတ်ပုံပြပွဲကို မတ်၂၃ရက်မှ ၂၅ရက် အထိ ကျင်းပမည်ဖြစ်ပြီး နှစ်ပတ်လည်အစည်းအဝေးကို မတ်၂၉ရက်တွင် ကျင်းပမည်ဖြစ်ရာ ဆွေးနွေးအကြံပြုချက်များနှင့် ဆန္ဒပြုလွှာများကို မတ်၁၆ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း အမှတ်၂၇/၂၉ ၃၅လမ်း(အောက်) ရန်ကုန်မြို့သို့ ပေးပို့နိုင်သည်။

မော်လမြိုင်ကောလိပ်(သတ္တဗေဒ)မြတ်ဆရာပူဇော်ပွဲ

မော်လမြိုင်ကောလိပ် (၁၉၇၅-၁၉၇၉)ခုနှစ် သတ္တဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကို မတ်၂၈ရက် (စနေနေ့) နံနက်၉နာရီ၌ ကရဝိက်နန်းတော်(ဥတ္တရခန်းမ)၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၁-၇၀၄၇၈၇ နှင့် ၀၁- ၂၂၅၈၆၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ကော့ကရိတ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ကော့ကရိတ်မြို့နယ်အသင်း (ရန်ကုန်) ၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် အမှတ် ၂၂၃ ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် တော်ဝင်နှင်းဆီ စားသောက်ဆိုင်တွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၀၂၄၈၉ သို့ ဆက်သွယ် စုံစမ်း နိုင်သည်။

ဖူဆယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ရက်ပြောင်းလဲထား

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၉ခုနှစ် အမျိုးသားအလွတ်တန်း ဖူဆယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို မတ်၂၈ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်ဟု ရက်ပြောင်းလဲသတ်မှတ်ထားသည်။

မြောင်းမြ ဆရာအတတ်သင်ကျောင်းဆင်းများ တွေ့ဆုံကြမည်

၁၉၇၃-၇၄ခုနှစ် မြောင်းမြဆရာအတတ်သင် ကျောင်းဆင်းသူငယ်ချင်းများ တွေ့ဆုံပွဲကို ဧပြီ၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အထက(၃) မြောက် ဥက္ကလာပ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၆၂၉၅၃၅နှင့် ၆၉၉၁၉၀တို့သို့ ဆက်သွယ်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ဘက်စုံသတင်းစာပညာ စာအုပ်ထုတ်ဝေဖြန့်ချိ

သတင်းစာပညာကို လေ့လာလိုက်စားလိုကြသည့် ယနေ့ခေတ်လူငယ် မီဒီယာ သမားများ၊ သတင်းထောက်၊ အယ်ဒီတာပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလို သူများအတွက် ခက်ခဲနက်နဲသည့် သတင်းစာပညာကို ဘက်စုံထောင့်စုံ စုစည်း တင်ပြရေးသားထားသည့် တက္ကသိုလ်မြတ်သူ ရေးသားပြုစုသော ဘက်စုံသတင်းစာ ပညာစာအုပ်ကို ထုတ်ဝေဖြန့်ချိထားသည်။

စက်မှုတက္ကသိုလ်(မြို့ပြ) အာစရိယပူဇော်မည်

၁၉၈၇-၁၉၉၁ စက်မှုတက္ကသိုလ်(မြို့ပြ) ကျောင်းသားဟောင်းများ၏ အာစရိယ ပူဇော်ပွဲကို ဧပြီ ၄ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ကျောက်စိမ်းတွင်းမှော်ရုံ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၀၉-၅၀-၁၇၄၂၅ နှင့် ၆၄၄၉၈၇တို့သို့ ဆက်သွယ်နိုင်သည်။

အုတ်ဖိုအသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

အုတ်ဖိုမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီး ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက် ဥယျာဉ်တိုက် လေသာကြီးကျောင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၆၅၀၁၉၇နှင့် ၅၅၅၈၅၉တို့သို့ ဆက်သွယ် နိုင်သည်။ ။ *(မြန်မာ့အလင်း)*

စုစည်းရေးသားသူ - ဝင်းကျော်

15-3 (07).pmd 1 3/15/2009, 1:40 AM

● *ရှေ့ဖုံးမှ*

ရံဖန်ရံခါတွင် မိုးနှောင်း မိုးနည်းပါးသောကြောင့် မိုးစပါးအောင်ရန် အခက်အခဲများရှိသည်။ သို့ဖြစ်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ယင်းပြဿနာကို ဖြေရှင်းရန် မွန်ပြည်နယ်အတွင်း ဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်ခဲ့သည်။

တမံများ

မွန်ပြည်နယ်အတွင်းတွင် အဇင်းရေလှောင်တမံကို ၁၉၉၀ ပြည့်နှစ်က လည်းကောင်း၊ ဝါးပါးရေလှောင်တမံကို ၁၉၉၄ခုနှစ်က လည်းကောင်း၊ ရွှေနတ်

“နောင်ကုလား ရေထိန်းတံခါးဆောက်ပြီးရင် အထွက်နှုန်းနှစ်ဆတိုးလာတော့မှာပါ”

ဦးစံသွင် (ဦးစီးမှူး-မြို့ပြ)
မရမ်းကုန်းရေထိန်းတံခါး
တည်ဆောက်ရေး(၆)

“စပါးတစ်သီးသာမကယာယီ သီးနှံများပါစိုက်နိုင်လို့ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်”

ဦးအောင်မြင့်
လယ်သမား
ဆိပ်ကျွန်းကျေးရွာ

တောင်ရေလှောင်တမံကို ၁၉၉၆ခုနှစ်တွင်လည်းကောင်း၊ ဝင်းဖန်ရေလှောင်တမံကို ၂၀၀၁ခုနှစ်တွင်လည်းကောင်း၊ ဇိုက္ကရဲရေထိန်းတံခါးကို ၂၀၀၂ခုနှစ်တွင် လည်းကောင်း၊ ကျုံထော်ရေထိန်းတံခါးကို ၂၀၀၅ခုနှစ်တွင် လည်းကောင်း တည်ဆောက်ပြီးစီး ဖွင့်လှစ်ပေးခဲ့သည်။

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ်အတွင်းရှိ သိမ်ဆိပ်၊ ကျိုက္ကော်-နောင်ဘို၊ နောင်ကုလားရွာများ၏ အနောက်ဘက်၊ ပဲခူး၊ မုတ္တမရထားလမ်းနှင့် မုတ္တမပင်လယ်ကွေ့ကြားရှိ ကမ်းရိုးတန်းလွင်ပြင်ကျယ်ကြီးသည် မိုးရာသီတွင် မိုးများသောဒေသဖြစ်သည်နှင့်အညီ မိုးရွာသည့်ကာလများ၌ အရှေ့ဘက်တောင်တန်းများဆီမှ စီးဝင်သည့်တောင်ကျချောင်းရေလွှမ်းမိုးမှုခံရပြီး ရေကြီးကွင်းများဖြစ်သည့်အတွက် ဒေသတစ်ခုလုံးရေများဖုံးလွှမ်းခဲ့သည်။ ရေပြင်ကျယ်၍ မြေမမြင်ရသောကြောင့် ပင်လယ်တမျှ ထင်မှတ်ရအောင်ရှိခဲ့သည်။ ထို့ကြောင့် ပင်လယ်လေးကွင်းဟူ၍ပင် ဒေသခံပြည်သူများက ခေါ်ဝေါ်ခဲ့ကြသည်။

ရေနက်ကွင်း

ယင်းကဲ့သို့ ရေနက်ကွင်းကြီး ရေကြီးနစ်မြုပ်ခြင်းကို ကာကွယ်နိုင်ရန်အတွက် ဆိပ်ကျွန်းရေနုတ်မြောင်း၊ နောင်ဘို-ဇရစ်ချောင်း ရေနုတ်မြောင်း၊ နောင်ကုလားချောင်းသစ်ရေနုတ်မြောင်းတို့ကို တူးဖော်၍ ရေကြီးနစ်မြုပ်ခြင်းကို ကာကွယ်ခဲ့ကြသည်။

သို့ရာတွင် ရေထိန်းတံခါးများ တပ်ဆင်ထားခြင်းမရှိသောကြောင့် မိုးရာသီဒီရေတက်ချိန်နှင့် မိုးရွာသွန်းမှုများပြားချိန်တို့တွင် ရေနုတ်နိုင်မှုမရှိသည့်အပြင် ပင်လယ်ဆားငန်ရေများ ဝင်လာခြင်းကြောင့် ရေနုတ်မြောင်းများထဲသို့ ဆားငန်ရေများဝင်၍ တိမ်ကောပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ရသည်။

၄င်းအပြင် ရေတံခါးများမရှိခြင်းကြောင့် လယ်ကွင်းများ ရေနစ်မြုပ်ပြီး မျိုးစပါးများ ရေမြုပ်ပျက်စီးသဖြင့် နှစ်ကြိမ်၊ သုံးကြိမ်မှ အကြိမ်ကြိမ်ပြန်လည်

“ရေထိန်းတံခါးကြောင့် ရေငန်မဝင်နိုင်တော့ပါ၊ ဆောင်းပဲသီးနှံတွေ စိုက်နေကြပါပြီ”

ဦးတင်ထွန်း
ဦးစီးအရာရှိ(မြို့ပြ)
ဆိပ်ကျွန်းရေထိန်းတံခါး
တည်ဆောက်ရေး(၆)

စိုက်ပျိုးရခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်းကြောင့် စိုက်ပျိုးသီးနှံများ၊ လယ်များပျက်စီးခြင်းအစရှိသော ဒုက္ခများနှင့် အမြဲလိုပင်ကြုံတွေ့ခဲ့ကြရသည်။

ရေထိန်းတံခါး

ဖော်ပြပါ ဒုက္ခအသွယ်သွယ်ကို ရင်ဆိုင်ရသော တောင်သူများအတွက် နောင်ဘို-အဇစ်ချောင်းရေနုတ်မြောင်းထိပ်၊ မရမ်းကုန်းရွာအနီးတွင် ရေတံခါးပေါက် ၁၅ပေါက် ပါရှိသည့် မရမ်းကုန်းရေထိန်းတံခါးကို လည်းကောင်း၊ ဆိပ်ကျွန်းရေနုတ်မြောင်းထိပ် ဆိပ်ကျွန်းရွာအနီးတွင်လည်း ရေတံခါး ၁၅ပေါက်ပါရှိသည့် ဆိပ်ကျွန်းရေထိန်းတံခါးကို လည်းကောင်း တည်ဆောက်ပေးခဲ့သည်။ ထို့ကြောင့် ကျိုက္ကော်-ကတိုက်ကြီး ကားလမ်းတောင်ဘက်ပိုင်းရှိ ကတိုက်ကြီး၊ ဆိပ်ကျွန်း၊ ကျိုက္ကော်နှင့် နောင်ဘိုကျေးရွာအုပ်စု လယ်ကွင်းများ အတွင်း မိုးရာသီတွင် ရေကြီးနစ်မြုပ်မှု မရှိတော့ဘဲ မိုးစပါးကင်းလွတ်ပြီး ဖြစ်သည့်အပြင် နွေစပါးများသီးထပ်စိုက်ပျိုးနိုင်သော ရေတော်မိုးတော်လယ်မြေများအဖြစ် တိုးတက်ပြောင်းလဲခဲ့ပေပြီ။

မြန်မာ့အလင်းသတင်းအဖွဲ့သည် ရေနက်ကွင်းများတွင် ရေကြီးနစ်မြုပ်သဖြင့် စပါးစိုက်ပျိုးမှုမပြုလုပ်နိုင်ကြဘဲ နစ်နာဆုံးရှုံးခြင်းကြောင့် ဆည်မြောင်းဌာနမှ ရေနက်ကွင်းများတွင် စိုက်ပျိုးမှုဆုံးရှုံးခြင်းမှ ကယ်တင်နိုင်ရန်အတွက် ရေလှောင်တမံများတည်ဆောက်ပေးခြင်း၊ရေထိန်းတံခါးများတည်ဆောက်ပေးခြင်း

“ရေထိန်းတံခါးကျေးဇူးကြောင့် စပါးမျိုးတွေ လေလွင့်ခြင်းမရှိဘဲ တစ်ကြိမ်တည်းနဲ့ အောင်မြင်ခဲ့ပါတယ်”

ဦးရဲထွန်း
လယ်သမား
ကတိုက်ကြီးကျေးရွာ



“ရေတံခါးများနဲ့အတူ လမ်းပန်းဆက်သွယ်ရေးအတွက် တံတားများကိုပါ အသုံးပြုလို့ ရလာပါတယ်”

ဦးမျိုးမြင့်
လယ်သမား
မရမ်းကုန်းကျေးရွာ။

“ရေတံခါးတွေဆောက်ပြီးတဲ့နောက် ရေမကြီးတော့ပါဘူး၊ စိုက်ရတာလည်း ပိုပြီးအဆင်ပြေလာပါတယ်”

ကိုဝင်းတင့်(လယ်ဦးစီး)
ကျိုက္ကော်ကျေးရွာ၊ သထုံမြို့နယ်။

ဖြင့် ရေကြီးနစ်မြုပ်မှု ကင်းဝေးစေရန် စီမံချက်များ ချမှတ်ဆောင်ရွက်နေကြောင်းကို သိရှိရ၍ မွန်ပြည်နယ် သထုံခရိုင်သို့ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၉ရက်က ခရီးထွက်ခဲ့ကြသည်။ သတင်းအဖွဲ့နှင့်အတူ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ညွှန်ကြားရေးမှူး ဦးစိုးညွန့်၊ ဦးစီးမှူး ဦးစံသွင်တို့ လိုက်ပါခဲ့ကြသည်။

ရှေးဦးစွာ သထုံမြို့နယ် ကျိုက္ကော်ကျေးရွာရှိ ကျိုက္ကော်လယ်စိုက်ကွင်းသို့ ဝင်ရောက်လေ့လာခဲ့ကြသည်။ မြန်မာ့အလင်းသတင်းအဖွဲ့သည် လယ်ထွန်စက်ဖြင့် စပါးနယ်နေသော လယ်သမားတစ်ဦး၏လယ်သို့ ဝင်ရောက် စေ့ငုလေ့လာခဲ့ကြသည်။

မြန်မာ့အလင်း ။	။	ဦးကြီးနာမည် ဘယ်လိုခေါ်ပါသလဲ။
တောင်သူကြီး ။	။	ကိုဝင်းတင့်လို့ ခေါ်ပါတယ်။
မေး ။	။	စပါးဘယ်နဧကလောက်စိုက်ပါသလဲ။
ဖြေ ။	။	မိုးစပါး ၁၀ဧကစိုက်ပါတယ်၊ စပါး ကောက်လှိုင်းနယ်နေတာပါ။
မေး ။	။	စပါးစိုက်အား တစ်ဧက ဘယ်လောက်ထွက်ပါသလဲ။
ဖြေ ။	။	တစ်ဧကငါးဆယ်၊ ခြောက်ဆယ်ထွက်ပါတယ်၊ တန်ဆောင်မုန်းလပြည့်ကျော်က ရိတ်ပါတယ်၊ ဘေးကြား (ပေါ်ဆန်းမွှေး)စပါးဖြစ်ပါတယ်၊ စပါးပြီးရင် ပဲစိုက်ပါတယ်၊ နွေစပါးက ရေမရှိလို့ မစိုက်နိုင်ပါ။ ပဲက ၁၀ဧကစိုက်ပါမယ်၊ မြေ ပဲ၊ ပဲတီစိမ်း၊ ပဲပုပ်တို့ပါ။
မေး ။	။	ဒီနှစ်စပါးစိုက်တာ ရေကြီးသေးလား။
ဖြေ ။	။	ဒီနှစ်ရေမကြီးတော့ပါဘူး၊ ရေတံခါးဆောက်ပြီးတဲ့နောက် မကြီးတော့ပါဘူး၊ ရေမကြီးတော့ စိုက်ရတာ ပိုအဆင်ပြေပါတယ်၊ ပျိုးထောင်လို့လည်းကောင်းတယ်၊ စားလို့လည်းကောင်းတယ်၊စပါးတွေလည်း အထွက်တိုးလာပါတယ်၊ အရင်က ၁၃ဧကကို စပါး၂၅၀ ရပါတယ်၊ ၁၃ဧကကို ရေပြည့်လို့ နှစ်ပြန်၊ သုံးပြန်စိုက်ရပါတယ်၊ ရေတံခါးလုပ်ပြီးတာ နှစ်နှစ်ရှိပြီး မနှစ်က တစ်ထောင်ထွက်ခဲ့ပါတယ်၊ ဒီနှစ်လဲ တစ်ထောင်ထွက်မယ်၊ တစ်ထောင်ကျော်မယ်လို့ မှန်းထားတယ်၊ ရေထိန်းတံခါး ဆောက်ပြီးနောက် ရေမကြီးတော့ပါဘူး၊ စပါးစိုက်လို့ အဆင်ပြေပါ

တယ်၊ ရေမကြီး
မလိုတော့ပါဘူး၊
တယ်” ဟုပြော

ထို့နောက် မြန်မာ့အလင်းသတင်းအဖွဲ့သည်
အတွင်းရှိ မရမ်းကုန်းရေထိန်းတံခါးစီမံကိန်းနှင့်
ဆိပ်ကျွန်းရေထိန်းတံခါးစီမံကိန်းသို့ သွားရောက်လေ
ရေတံခါးတွင် တည်ဆောက်ရေး(၆)မှ ဦးစီးအရာရှိ
သည်။ ဦးစီးအရာရှိ ဦးတင်ထွန်းက ဆိပ်ကျွန်းရေ
ရေထိန်းတံခါးစီမံကိန်းနှင့် ပတ်သက်၍ ရှင်းလ

“ကျိုက္ကော်-ကတိုက်ကြီးကားလမ်းမြောက်ဘ
နှင့် ကတိုက်ကျေးရွာအုပ်စုများမှ ရေမြုပ်ကွင်းများ
ကျိုက္ကော်-ကတိုက်ကြီးကားလမ်းကိုဖြတ်၍ မိုင်ဝ
တို့တွင် ရေထွက်ပေါက်များဖောက်လုပ်ပြီး ရေ
ဆိပ်ကျွန်းရေနုတ်မြောင်းသို့ ဆက်သွယ်မြောင်းမှ
ကြောင့် ယခုနှစ်မိုးရာသီတွင် ကျိုက္ကော်-ကတိုက်
ခြမ်းရှိ ရေမြုပ်ကွင်းများ ရေကြီးနစ်မြုပ်ခြင်း၊ ရေ
မှုကိုလည်း ကာကွယ်နိုင်ခဲ့ကြောင်း၊ လယ်ဈေးများလ
ယခင် နှစ်သောင်း၊ သုံးသောင်းတက်မည့်သူ
နှစ်သိန်း၊ သုံးသိန်းဖြစ်နေကြောင်း၊ ဝယ်လိုပြီး
ယခင်က စားကျက်လယ်ကွက်ကြီးဖြစ်၍ ဘာမျှမရှိ
ပြီဖြစ်ကြောင်း၊ ဆိပ်ကျွန်း မရမ်းကုန်းကျေးရွာတွ
စဉ်အခါက ရေမြုပ်ကွင်းဖြစ်နေကြောင်း၊ ရေတံ
သဖြင့် ရေမရှိသလောက်ဖြစ်ကာ လယ်ကွင်းများ
သုံးခါ စပါးစိုက်ရသောလယ်များမှာ တစ်ခါတည်း
ရေငန် မဝင်တော့သဖြင့် ဆောင်းသီးနှံ ပဲများစို
နွေစပါး စိုက်ပျိုးရန်ပါအောင်မြင်နေကြောင်း၊ ဆိပ်က
ပေါ်ထွန်းလာကြောင်း၊ ယခင်က ရေလွှမ်းမိုးခဲ့သော
လယ်မြေကုန်း ပေါ်လာပြီဖြစ်ကြောင်း၊ နွေစပါး
ဧက ၂၀၀ ကျော်လောက် စိုက်နေရာမှ ယခုနှစ်တွ
ရှိကြောင်း၊ ဤသို့ဖြစ်ရသည်မှာ ရေတံခါးများတ
သော အကျိုးကျေးဇူးပင်ဖြစ်ကြောင်း” ဦးစီးအရာ
ပြောကြားသည်။

ဦးစီးမှူး ဦးစံသွင်ကလည်း “နောက်ထပ်ဆေ
ခေါ်သော ဆိပ်ကျွန်း၊ မရမ်းကုန်းအထွက်တွင်ရှိ

တောင်သူများအတွက်
ရွာအနီးတွင် ရေတံခါး
လည်းကောင်း၊ ဆိပ်ကျွန်း
၁၅ပေါက်ပါရှိသည့် ဆိပ်
ခဲ့။ ထို့ကြောင့် ကျိုက္ကော်
ဆိပ်ကျွန်း၊ ကျိုက္ကော်နှင့်
ရေကြီးနစ်မြုပ်မှုမရှိတော့
သီးထပ်စိုက်ပျိုးနိုင်သော
ခဲ့ပေပြီ။

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ဆိပ်ကျွန်းကျေးရွာအနီး ဆိပ်ကျွန်းချောင်းကိုပိတ်၍ အကျယ် ၆ပေ၊ အမြင့် ၁၂ပေ၊ တံခါးပေါက် ၁၅ပေါက်ပါရှိသော ဆိပ်ကျွန်းရေထိန်းတံခါးကို ပင်လယ်ဆားငန်ရေနှင့် နုန်းများမဝင်ရောက်နိုင်ရန် ထိန်းသိမ်းထားသည်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

တယ်၊ ရေမကြီးလို့ နှစ်ခါ သုံးခါစိုက်စရာ မလိုတော့ပါဘူး၊ စပါးလည်းအထွက်ပိုလာပါတယ်'' ဟုပြောပြသည်။

ထို့နောက် မြန်မာ့အလင်းသတင်းအဖွဲ့သည် မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မရမ်းကုန်းရေထိန်းတံခါးစီမံကိန်းနှင့် ဆိပ်ကျွန်းကျေးရွာအနီးရှိ ဆိပ်ကျွန်းရေထိန်းတံခါးစီမံကိန်းသို့ သွားရောက်လေ့လာခဲ့ကြပါသည်။ ဆိပ်ကျွန်းရေတံခါးတွင် တည်ဆောက်ရေး(၆)မှ ဦးစီးအရာရှိဦးတင်ထွန်းက စောင့်နေပါသည်။ ဦးစီးအရာရှိ ဦးတင်ထွန်းက ဆိပ်ကျွန်းရေထိန်းတံခါးနှင့် မရမ်းကုန်းရေထိန်းတံခါးစီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

''ကျိုက္ကော်-ကတိုက်ကြီးကားလမ်းမြောက်ဘက်ရှိကတိုက်ကလေးကျေးရွာနှင့် ကတိုက်ကျေးရွာအုပ်စုများမှ ရေမြုပ်ကွင်းများ ရေလျှော့ချနိုင်ရေးအတွက် ကျိုက္ကော်-ကတိုက်ကြီးကားလမ်းကိုဖြတ်၍ မိုင်တိုင် (၄/၃)နှင့် နှင့်(၆/၄) တို့တွင် ရေထွက်ပေါက်များဖောက်လုပ်ပြီး ရေခေါ်မြောင်းများတူးဖော်ကာ ဆိပ်ကျွန်းရေနုတ်မြောင်းသို့ ဆက်သွယ်မြောင်းများ တူးဖော်ပေးထားခြင်းကြောင့် ယခုနှစ်မိုးရာသီတွင် ကျိုက္ကော်-ကတိုက်ကြီးကားလမ်း တောင်ဘက်ခြမ်းရှိ ရေမြုပ်ကွင်းများ ရေကြီးနစ်မြုပ်ခြင်း၊ ရေကျော်ကာ ရေတိုက်စားပျက်စီးမှုကိုလည်း ကာကွယ်နိုင်ခဲ့ကြောင်း၊ လယ်ဈေးများလည်း ဈေးတက်လာကြောင်း၊ ယခင် နှစ်သောင်း၊ သုံးသောင်းတက်မည့်သူ မရှိကြောင်း၊ ယခုဆိုလျှင် နှစ်သိန်း၊ သုံးသိန်းဖြစ်နေကြောင်း၊ ဝယ်လိုပြီး ရောင်းမည့်သူမရှိကြောင်း၊ ယခင်က စားကျက်လယ်ကွက်ကြီးဖြစ်၍ ဘာမျှမရှိကြောင်း၊ ယခုလယ်စိုက်နေပြီဖြစ်ကြောင်း၊ ဆိပ်ကျွန်း မရမ်းကုန်းကျေးရွာတွင် ယခင်ရေတံခါးများမရှိစဉ်အခါက ရေမြုပ်ကွင်းဖြစ်နေကြောင်း၊ ရေတံခါးတည်ဆောက်ပေးလိုက်သဖြင့် ရေမရှိသလောက်ဖြစ်ကာ လယ်ကွင်းများ ပေါ်လာခြင်းကြောင့် နှစ်ခါ သုံးခါ စပါးစိုက်ရသောလယ်များမှာ တစ်ခါတည်းနှင့် အောင်မြင်သွားကြောင်း၊ ရေငန် မဝင်တော့သဖြင့် ဆောင်းသီးနှံ ပဲများစိုက်ပျိုးနေကြပြီဖြစ်ကြောင်း၊ နွေစပါး စိုက်ပျိုးရန်ပါအောင်မြင်နေကြောင်း၊ ဆိပ်ကျွန်းဆိုလျှင် ဧကတစ်သောင်း ပေါ်ထွန်းလာကြောင်း၊ ယခင်က ရေလွှမ်းမိုးခဲ့သော ပင်လယ်လေးကွင်းဆိုလျှင် လယ်မြေကုန်း ပေါ်လာပြီဖြစ်ကြောင်း၊ နွေစပါးဆိုလျှင် လွန်ခဲ့သောနှစ်က ဧက ၂၀၀ ကျော်လောက် စိုက်နေရာမှ ယခုနှစ်တွင် ဧကတစ်ထောင်လောက်ရှိကြောင်း၊ ဤသို့ဖြစ်ရသည်မှာ ရေတံခါးများတည်ဆောက်ပေးသဖြင့် ရရှိသော အကျိုးကျေးဇူးပင်ဖြစ်ကြောင်း'' ဦးစီးအရာရှိ ဦးတင်ထွန်းက ရှင်းလင်းပြောကြားသည်။

ဦးစီးမှူး ဦးစံသွင်ကလည်း ''နောက်ထပ်ဆောက်လုပ်ရန် နောင်ကုလားခေါ်သော ဆိပ်ကျွန်း၊ မရမ်းကုန်းအထွက်တွင်ရှိသည့် နေရာတွင်ချောင်းရှိကြောင်း၊ နောင်ကုလားချောင်းမှ ရေငန်ဝင်နေ၍ပိတ်ပေးရန်လိုကြောင်း၊ နောင်ကုလား ရေထိန်းတံခါးတည်ဆောက်ပြီးစီးပါက ရေငန်ဝင်ရန်လည်း မရှိတော့ဘဲ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမည် ဖြစ်ကြောင်း၊ စပါးအထွက်နှုန်းလည်း နှစ်ဆ တိုးလာမည်ဖြစ်ကြောင်း'' ရှင်းပြသည်။

ဆက်လက်ပြီး မရမ်းကုန်းကျေးရွာမှ တောင်သူဦးကြီး ဦးမျိုးမြင့်အား တွေ့ဆုံမေးမြန်းခဲ့ရာတွင် ''လယ်ယာစိုက်ပျိုး၍ လယ်ဧက ၂၇ဧကစိုက်ကြောင်း၊ မိမိတို့လယ်တွင် ယခင်က ရေကြီးမှုကြောင့် တစ်ပြန်နှစ်ပြန်ထောင်ရကြောင်း၊ ရေတံခါးတည်ဆောက်ပေးခြင်းကြောင့် စိုက်ချိန်မီပြီး မျိုးတစ်ပြန်သာထောင်ရကြောင်း၊ ကုန်ကျစရိတ်နည်းသွားကြောင်း၊ စပါးအပြင် ပဲကြီးစိုက်ကြောင်း၊ ယခု နိုင်ငံတော်က ငွေကုန်ကြေးကျများစွာဖြင့် ရေထိန်းတံခါးတည်ဆောက်ပေး၍ နိုင်ငံတော်ကိုကျေးဇူးတင်ကြောင်း၊ ယင်းကဲ့သို့ အကုန်အကျမြောက်မြားစွာဖြင့် လုပ်ပေးတာမကြုံဖူးကြောင်း၊ နိုင်ငံတော်ကို အထူးပင်ကျေးဇူးတင်ကြောင်း၊ လက်ရှိလုပ်ငန်းခွင်နှင့် ဆက်စပ်သည့်အတွက် နိုင်ငံတော်၏ စေတနာကို အများကြီးတန်ဖိုးထားပါကြောင်း၊ ရေတံခါးများနှင့်အတူ လမ်းပန်းဆက်သွယ်ရေးအတွက် တံတားများဖြစ်ထွန်းကြောင်း၊ ငွေကုန်ကြေးကျများစွာဖြင့် ရေထိန်းတံခါးဆောက်ပေးသည်ကို ပျက်စီးယိုယွင်းမှု မရှိစေရန် ထိန်းသိမ်း စောင့်ရှောက်သွားကြမည်ဖြစ်ပါကြောင်း''ပြောကြားသည်။

တစ်ဖန် ဆိပ်ကျွန်းကျေးရွာမှ ဦးအောင်မြင့်အား တွေ့ဆုံမေးမြန်းခဲ့ရာ ''လယ် ၁၀ဧကစိုက်ကြောင်း၊ ရေထိန်းတံခါးနှင့်အတူတံတားများပါဆောက်ပေးတာကြောင့် လမ်းပန်းဆက်သွယ်မှုပိုကောင်းပါကြောင်း၊ ရေတံခါးကြောင့် စပါး တစ်သီးသာမက ကျန်သောယာသီးနှံများပါ စိုက်နိုင်ကြောင်း၊ ရေငန်မဝင်တော့ဘဲ ရေချိုများသာရှိကြောင်း၊ ကျွဲနွားများပါ သောက်သုံးရေ ရရှိခဲ့ကြောင်း၊ ရေထိန်းတံခါးကြောင့် သားငါးများရလာကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးသည့်အတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါကြောင်း၊ ဆည်မြောင်းဝန်ထမ်းများကိုလည်း ကျေးဇူးတင်ပါကြောင်း''ဖြင့် မြန်မာ့အလင်းသို့ ပြောပြသည်။

ဆက်လက်၍ ကတိုက်ကြီးကျေးရွာမှ ဦးရဲထွန်းအား တွေ့ဆုံမေးမြန်းရာ ''လယ် ၁၀ဧကလုပ်ကြောင်း ရေထိန်းတံခါးများတည်ဆောက်ပေးသည့်အတွက် မျိုးများလေလွင့်ခြင်းမရှိဘဲ တစ်ကြိမ်နှင့် အောင်မြင်ကြောင်း၊ ဆောင်းသီးနှံ ပဲများ စိုက်ကြောင်း၊ ရေတံခါးဆောက်ပေး၍ နိုင်ငံတော်နှင့် ဆောင်ရွက်ပေးသော ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ပါကြောင်း'' မြန်မာ့အလင်းသတင်းအဖွဲ့အား ပြောကြားလိုက်ကြပါကြောင်း။ ။

(မြန်မာ့အလင်း)

မွန်ပြည်နယ် သထုံမြို့နယ် ကျိုက္ကော်ကျေးရွာတွင် လက်တွန်းထွန်စက်ဖြင့် မိုးစပါးများ နယ်လှေ့နေသည်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

တောင်သူများအတွက် နောင်ဘို-အဇစ်ချောင်း ရေနုတ်မြောင်းထိပ်၊ မရမ်းကုန်းရွာအနီးတွင် ရေတံခါးပေါက် ၁၅ပေါက်ပါရှိသည့် မရမ်းကုန်းရေထိန်းတံခါးကိုလည်းကောင်း၊ ဆိပ်ကျွန်းရေနုတ်မြောင်းထိပ် ဆိပ်ကျွန်းရွာအနီးတွင်လည်း ရေတံခါး ၁၅ပေါက်ပါရှိသည့် ဆိပ်ကျွန်းရေထိန်းတံခါးကို လည်းကောင်း တည်ဆောက်ပေးခဲ့။ ထို့ကြောင့် ကျိုက္ကော်-ကတိုက်ကြီး ကားလမ်းတောင်ဘက်ပိုင်းရှိ ကတိုက်ကြီး၊ ဆိပ်ကျွန်း၊ ကျိုက္ကော်နှင့် နောင်ဘိုကျေးရွာအုပ်စု လယ်ကွင်းများအတွင်း မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုမရှိတော့ဘဲ မိုးစပါးကင်းလွတ်ပြီးဖြစ်သည့်အပြင် နွေစပါးများ သီးထပ်စိုက်ပျိုးနိုင်သော ရေတော် မိုးတော်လယ်ကွင်းများအဖြစ် တိုးတက်ပြောင်းလဲခဲ့ပေပြီ။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပသော Short Course(I) on Earthquake Resistant Design သင်တန်းကို မတ်၂၈ရက်မှ ဧပြီ၅ရက်အထိ မွန်းတည့်၁၂နာရီမှ ညနေ၅နာရီအတွင်း ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံတွင် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

တက်ရောက်နိုင်

ယင်းသင်တန်းတွင် Structural Analysis & Design for Earthquake Resisting Building, Basic Concept for Earthquake Design, Design & Detailing for Construction, Introduction to Earthquake and Earthquakes in Myanmar စသည့် ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။

ဆက်သွယ်စုံစမ်း

Short Course(II) on Earthquake Resistant Design သင်တန်းကိုလည်း မေ၄ရက်မှ ၈ရက်အထိ အသင်းတည်ရှိရာ အဆောက်အအုံ၌ ဆက်လက်၍ ထပ်မံတိုးချဲ့ဖွင့်လှစ်မည်ဖြစ်ရာ အဆိုပါသင်တန်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၅၁၉၆၇၃၊ ၅၁၉၆၇၆ လိုင်းခွဲအမှတ်(၁၀၄)သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)
(၁၆-၃-၂၀၀၉)

၀၇:၀၀ အဖွင့်တီးလုံး+နူတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၀၇:၁၅ တရားတော်
ပုဗ္ဗဏှသုတ်
ဓမ္မပူဇာတေးပဒေသာ
၀၇:၃၀ (၃၈)ဖြာမင်္ဂလာ
၀၇:၃၅ နံနက်ခင်းတေးပဒေသာ
၀၈:၀၀ စံတော်ချိန် + သတင်း
၀၈:၁၀ နံနက်ခင်းတေးပဒေသာ
၀၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ အမှတ်တရတေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ လယ်ယာစီးပွား (ပြည်တွင်းဖူလုံရေး ဈေးကွက်လည်းရ ကုလားပဲစိုက်ကြ)
၁၀:၅၅ တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ မေတို့တွက်တာအလှကမ္ဘာ (အလှအပအတွက်လက်တွေ့အသုံးတည့်မယ့် နည်းလမ်းလေးမျိုး)
၁၁:၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ သိပ္ပံပညာ သိကောင်းစရာ (ပျက်စီးလာနေသော သန္တာကျောက်တန်းများ)
၁၁:၄၀ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် အလုပ်အကိုင်အခွင့်အလမ်း (ဆေးသုတေသန)
၁၂:၁၀ စာအုပ်ဆွေးနွေးခန်း (မြတ်သောအလှူ)
၁၂:၃၀ အားကစားသတင်းပဒေသာ
၁၂:၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီ သမိုင်းတတ်ကျွမ်းမှု)
၁၃:၂၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။

— — — —

၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (မိသားစုဘဝ ပျော်ရွှင်ရေးနည်းလမ်းများ)
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (နံနက်စာ စားသုံးသည့် အလေ့အထ ယဉ်ကျေးမှု)
၁၇:၁၀ ဇာနည်စစ်သည်တေးပန်းချီ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ ရေဒီယိုအတိုတ်တေးအရိပ် နိုင်ငံရေးဦးတည်ချက်
၁၉:၂၅ ရွှင်လန်းစေချင်သောတရှင်
၁၉:၄၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း ဟန်မျိုးစုံညီတေးကိုသီ စီးပွားရေးဦးတည်ချက်
၂၀:၅၀ တေးပဒေသာ
၂၁:၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
၂၁:၁၅ ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁:၃၅ တေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

အိုးထရက်ဖို့ဒ်၌ လီဗာပူးတို့အောင်ပွဲခံ

အားကစားသတင်းမှတ်စု-မိုးမြင့်လင်းလက်

လန်ဒန် မတ် ၁၄

ပရီမီယာလိဂ် ပွဲစဉ်(၂၉)ကို မန်ယူနှင့် လီဗာပူးတို့ မတ် ၁၄ရက်က အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူတို့ လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

မန်ယူတိုက်စစ်တွင် ရွန်နေနှင့် တီဗက်ဇ်တို့ကို တင်ထားခဲ့ပြီး စီရိုနယ်ဒို၊ ပတ်ဂျီဆန်၊ ကာရစ်နှင့် အန်ဒါဆင်တို့အား ကွင်းလယ်၌ထားကာ ပွဲထွက်ခဲ့သည်။ လီဗာပူးတို့က ဒရက်ကွတ်၊ တောရက်စ်တို့ တိုက်စစ်အတွဲကို ထုတ်သုံးခဲ့ပြီး ဂျရတ်၊ လူးကတ်စ်၊ မာရှယ်ရာနိုတို့ ဝိုင်းရံစေကာ မန်ယူတို့ကို ရင်ဆိုင်ခဲ့သည်။



မန်ယူအတွက် အဖွင့်ဂိုးကို စီရိုနယ်ဒိုက ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဤသို့ ကန်သွင်းယူခဲ့သော်လည်း....။

အဖွင့်ဂိုးရရှိ

မန်ယူတို့ပွဲအစမှာပင် တိုက်စစ်ဖွင့်ကစားခဲ့ရာ လီဗာပူးဘက်သို့ ဖိကစား နိုင်ခဲ့သည်။ ၂၃မိနစ်၌ လီဗာပူးဂိုးဧရိယာအတွင်း ပက်ဂျီဆန်အား ဂိုးသမား ရေနာဆွဲချမှုကြောင့် ပယ်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့ရာ စီရိုနယ်ဒိုကန်သွင်းသဖြင့် မန်ယူတို့ အဖွင့်ဂိုးရရှိခဲ့သည်။

ဦးဆောင်နိုင်ခဲ့

သို့သော် ပွဲချိန် ၂၈မိနစ်၌ လီဗာပူးနောက်တန်းမှနေ၍ အဝေးဘောကန်တင်လိုက်သည့် ဘောလုံးကို မန်ယူနောက်ခံလူ ဗီဒစ်အမှားကို တောရက်စ်က အခွင့်ကောင်းယူကာ ဂိုးသမားနှင့်တစ်ဦးချင်းတွေ့ပြီး အပိုင်ကန်သွင်းကာ ချေပဂိုးသွင်းယူခဲ့သည်။ မန်ယူအသင်း ချေပဂိုးရရှိရေး ကစားအားတင်ခဲ့သော်လည်း ၄၂မိနစ်၌ အီဗရာ၏အမှားကြောင့် ပယ်နယ်တီ အပေးခံရကာ ဂျရတ်ကန်သွင်းယူခဲ့သဖြင့် လီဗာပူးတို့ နှစ်ဂိုး-တစ်ဂိုးနှင့် ဦးဆောင်နိုင်ခဲ့သည်။

အောင်ပွဲခံ

မန်ယူတို့ကစားကွက်ထိန်းပြီး တိုက်စစ်ဆင်ကစားခဲ့သော်လည်း ၇၅ မိနစ်၌ ဗီဒစ်အနီကတ်ပြအထုတ်ခံရသဖြင့် မန်ယူတို့ အားလျော့သွားခဲ့သည်။ လီဗာပူးအတွက် တတိယဂိုးကို အောရီလိုက ၇၇မိနစ်၌ သွင်းယူပေးခဲ့သည်။ ထို့အပြင် မိနစ် ၉၀၌ လီဗာပူးမှ ဒိုစီနာက မန်ယူဂိုးသမား ဗန်ဒါဆာကို ကျော်လွှားကာ သွင်းယူနိုင်ခဲ့၍ လီဗာပူးတို့ အဝေးကွင်း၌ လေးဂိုး-တစ်ဂိုးဖြင့် အောင်ပွဲခံခဲ့ ခြင်းဖြစ်သည်။ ။ (အင်တာနက်)

အခြားပွဲစဉ်ရလဒ်များ

အာဆင်နယ်	၄	-	၀	ဘလက်ဘန်း
ဘော်လ်တန်	၁	-	၃	ဖူလ်ဟမ်
အဲဗာတန်	၃	-	၁	စတုတ်
မစ်ဒယ်ဘရော့	၁	-	၁	ပို့စ်မောက်
ဆန်းဒါးလန်း	၁	-	၂	ဝီဂန်
ဟူးလ်စီးတီး	၁	-	၁	နယူးကာဆယ်

လူတိုင်းကိုယ်စီကျန်းမာဖို့ အာဟာရ မျှအောင်စားသုံးစို့

သတ္တဝါမှန်သမျှသည် အာဟာရကိုတည်မှီ၍ အသက်ရှင်ရပ်တည်ကြရသည်။ အာဟာရပြည့်ဝမျှတခြင်းသည် သက်တမ်းစေ့ အသက်ရှည်နေနိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေးတို့အတွက် အခြေခံလိုအပ်ချက်ပင်ဖြစ်သည်။

အာဟာရပြည့်ဝမျှတစွာမစားသုံးတတ်သဖြင့် ကြုံတွေ့ရသည့် အာဟာရချို့တဲ့မှု အမျိုးမျိုးသည် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ရောဂါအမျိုးမျိုးကို ခံစားရစေနိုင်ရုံမျှမက အချို့မှာ အသက်ဆုံးရှုံးရသည်အထိ ဖြစ်ပေါ်စေနိုင်သည်။ အာဟာရမျှတစွာ မစားသုံးတတ်သဖြင့်လည်း အာဟာရလွန်ကဲမှုများဖြစ်ပေါ်စေကာ ဝဖြိုးခြင်းကို ဖြစ်ပေါ်စေသည်။ အဝလွန်ကဲခြင်းနှင့်ဆက်နွှယ်၍ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါများကို ဖြစ်စေပြီး သက်တမ်းစေ့မနေရအောင် ဒုက္ခပေးတတ်သည်။

ကမ္ဘာပေါ်တွင် မဖွံ့ဖြိုးသေးသော နိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲ နိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ အာဟာရပြဿနာ ကင်းရှင်းသော နိုင်ငံဟူ၍ မရှိပေ။ အာဟာရချို့တဲ့သော ပြဿနာသို့မဟုတ် အာဟာရလွန်ကဲမှုပြဿနာ တစ်ခုခုကိုဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကြုံတွေ့ဖြေရှင်းနေရသည်သာ ဖြစ်သည်။ အသက်အရွယ်မျိုးစုံအတွက် အာဟာရပြည့်ဝသည့် အစားအစာများကို ရွေးချယ်စားသုံးတတ်ရန် အလွန်အရေးကြီးသည်။ အာဟာရချို့တဲ့မှု၊ လွန်ကဲမှုတို့ မဖြစ်ရအောင် စုံလင်မျှတစွာ စားသုံးတတ်ရန်၊ သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ရွေးချယ်စားသုံးတတ်ရန်အတွက် လူတိုင်းသည် အာဟာရနှင့်ပတ်သက်သော ကျန်းမာရေးအသိပညာ ရှိထားရန် လိုအပ်ပေသည်။

ကျန်းမာရေးကို အထောက်အကူပြုသော အစားအသောက်ဆိုင်ရာ အလေ့အကျင့်ကောင်းများကို သိရှိလိုက်နာ ကျင့်သုံးတတ်လာခြင်း၊ မြန်မာ့ဓလေ့၊ မြန်မာ့ရေမြေသဘာဝနှင့်ကိုက်ညီသည့်အချက်အလက်များပါဝင်သည့် အာဟာရမျှတစွာ စားသုံးတတ်သည့် အလေ့အကျင့်များ ရှင်သန်ဖွံ့ဖြိုးလာခြင်းများဖြင့် လူတိုင်း သက်တမ်းစေ့ အသက်ရှည်နေနိုင်အောင် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်သည်။

ကျန်းမာစွာ အသက်ရှည်နိုင်ရေးအတွက် ကာဘိုဟိုက်ဒရိတ်၊ ပရိုတင်း၊ အဆီ၊ ဗီတာမင်၊ သတ္တုဓာတ်စသည့် အာဟာရမျိုးစုံနှင့် ရေတို့ လိုအပ်သည်။ မွေးစမှ အသက်ခြောက်လခန့်အထိ မိခင်နို့တစ်မျိုးတည်းမှ အာဟာရဓာတ်မျိုးစုံကို လုံလောက်စွာ ရရှိနိုင်သော်လည်း အသက်ခြောက်လကျော်လာသည့် ကလေးနှင့်လူကြီးများအတွက် အာဟာရဓာတ်မျိုးစုံကို လုံလောက်စွာပေးနိုင်သည့် တစ်မျိုးတည်းသောအစာဟူ၍ မရှိပေ။ ကာဘိုဟိုက်ဒရိတ်အများဆုံးပါဝင်ပြီး ကျန်အာဟာရများ အနည်းငယ်စီပါဝင်သည့် အစာ၊ ပရိုတင်းအများဆုံးပါဝင်ပြီး ကျန်အာဟာရ အနည်းငယ်စီပါဝင်သည့် အစာ၊ အဆီဓာတ်အဓိကပါဝင်သည့် အစာ၊ ဗီတာမင်နှင့် သတ္တုဓာတ်များသာ အဓိကပါဝင်သည့်အစာဟူ၍သာရှိသဖြင့် အာဟာရဓာတ်များ စုံလင်မျှတစွာ ရရှိနိုင်ရန် အစာမျိုးစုံကို နေ့စဉ်စားသုံးရန် လိုအပ်သည်။ မြန်မာတို့ နေ့စဉ်စားနေကျအဓိကအစာဖြစ်သည့် ထမင်းတွင် ကာဘိုဟိုက်ဒရိတ် အများဆုံးပါဝင်ပြီး ပရိုတင်း ခုနစ်ရာခိုင်နှုန်း ပါဝင်သည်။ ဗီတာမင်အချို့လည်း ပါဝင်လျက်ရှိသည်။ ဂျုံ၊ လူး၊ ဆတ် စသည့် ကောက်နှံများ၊ အာလူး၊ ပိန်းဥ၊ ကန်စွန်းဥစသည့် သစ်ဥသစ်ဖုများသည် ကာဘိုဟိုက်ဒရိတ် အများဆုံးကြွယ်ဝပြီး အင်အားဖြစ်စေသော အစာအုပ်စုတွင် ပါဝင်သည်။ အမဲဆီ၊ ဝက်ဆီ၊ မလိုင်၊ ထောပတ် စသည့် တိရစ္ဆာန်အဆီများ၊ နှမ်းဆီ၊ ပဲဆီစသည့် အပင်ထွက်အဆီများသည် အဆီဓာတ်ကြွယ်ဝပြီး အင်အားကိုဖြစ်စေသည်။ အသား၊ ငါး၊ ပုစွန်၊ ဥအမျိုးမျိုး၊ နို့၊ ပဲအမျိုးမျိုးတို့သည် ပရိုတင်းဓာတ်ကြွယ်ဝပြီး ခန္ဓာကိုယ်ကြီးထွားစေသော အစာအုပ်စုတွင် ပါဝင်သည်။ သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များသည် ဗီတာမင်နှင့် သတ္တုဓာတ်များ ကြွယ်ဝပြီး ရောဂါကာကွယ်စေသောအုပ်စုတွင် ပါဝင်သည်။

ထမင်းနှင့်အတူ အင်အားဖြစ်စေသော အစာအုပ်စုမှ အစာတစ်မျိုး၊ ခန္ဓာကိုယ်ကြီးထွားစေသော အစာအုပ်စုမှ အစာတစ်မျိုး၊ ရောဂါ ကာကွယ်စေသော အစာအုပ်စုမှ အစာတစ်မျိုး နေ့စဉ်ပါဝင်အောင်စားသုံးခြင်းဖြင့် အစာမျိုးစုံအောင် စားရမည်ဖြစ်သည်။ ကောက်နှံဆိုလျှင် တစ်မျိုးတည်းမဟုတ်ဘဲ ကောက်နှံမျိုးစုံစားရမည်။ ပဲဆိုလျှင်လည်း ပဲမျိုးစုံ၊ အသီးအရွက်မျိုးစုံ မျှတသင့်တင့်အောင် စားရမည်ဖြစ်သည်။

မွေးစမှ ခြောက်လသားအရွယ်အထိ ကလေးငယ်များအတွက် မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးသင့်သည်။ မိခင်နို့တွင် ကလေးငယ်များအတွက် လိုအပ်သော အာဟာရဓာတ်များ စုံလင်မျှတစွာပါရှိသည်။ သန့်ရှင်း၍ ရောဂါပိုးမွှားကင်းစင်သည်။ ရောဂါပိုးများကို ခုခံကာကွယ်တိုက်ခိုက်နိုင်သောဓာတ်များလည်း ပါဝင်သည်။ အလွယ်တကူတိုက်နိုင်ပြီး ငွေကုန်ကြေးကျလည်း သက်သာသည်။ မိခင်နှင့်ရင်သွေးငယ်ကြားတွင် နွေးထွေးသော ချစ်ခြင်းမေတ္တာနှင့် သံယောဇဉ်ကို ဖြစ်ပေါ်စေသည်။ မိခင်၏ သားအိမ်ကို ကျုံ့စေပြီး မီးဖွားပြီး သွေးသွန်ခြင်းကိုလည်း ကာကွယ်ပေးသည်။ ရင်သားကင်ဆာဖြစ်ခြင်းကိုလည်း လျော့နည်းစေနိုင်သည်။

ကလေးခြောက်လကျော်သည့်ရက်မှစ၍ ဆန်ပြုတ် သို့မဟုတ် ထမင်းကို ညက်နေအောင်ပြုလုပ်၍ စတင်ကျွေးနိုင်သည်။ အစာတစ်မျိုးကို ကောင်းကောင်းစားတတ်မှ နောက်ထပ် အစာသစ်တစ်မျိုးကို တိုး၍ ကျွေးသင့်သည်။ ပမာဏ အနည်းငယ်မှစတင်ကျွေးပြီး နောက်မှ တဖြည်းဖြည်းတိုး၍ ကျွေးရမည်။ အပူ၊အစပ်၊အခါး စသည့်အရသာပြင်းများကို မကျွေးရပေ။ အစားတွင် ဆားကိုသင့်ရုံသာထည့်ရမည်။ ကလေးအသက်အရွယ်အလိုက် အသား၊ ငါး၊ ဥ၊ ပဲ၊ အသီးအရွက်များကိုစုံအောင် ချိန်ဆကျွေးခြင်းဖြင့် အာဟာရကို မျှတစေနိုင်သည်။ ဖြည့်စွက်စာများ ကျွေးလျှင်လည်း မိခင်နို့ကို ကလေးအသက်နှစ်နှစ်အထိ ဆက်၍တိုက်သင့်သည်။

တစ်ရှိန်ထိုးကြီးထွားတတ်ကြသည့် ပျိုဖော်ဝင်စ အချိန်တွင် အာဟာရဓာတ်များ လုံလောက်စွာရရှိရန် အလွန်အရေးကြီးသည်။ ခန္ဓာကိုယ် ဖွံ့ဖြိုးကြီးထွားမှု အစွမ်းကုန် ဖွံ့ဖြိုးကြီးထွားနိုင်သကဲ့သို့ ကလေး၏ ဉာဏ်ရည်ကိုပါ ဖွံ့ဖြိုးတိုးတက်စေသဖြင့် ပျိုဖော်ဝင်စ အချိန်တွင် အာဟာရဓာတ်ပြည့်ဝမျှတစွာရရှိရန် အထူးလိုအပ်ခြင်းဖြစ်သည်။

ပန်းတောင်းသန်းကြွယ်

သက်ကြီးရွယ်အိုဘဝတွင် ကိုယ်လက်လှုပ်ရှားမှု နည်းသည်။ ကယ်လိုရီလိုအပ်ချက်လည်း နည်းသည်။ အစားအသောက်နည်းပြီး ရောဂါခုခံစွမ်းအားလည်းနည်းသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများသည် အစာများကို ရွေးချယ်စားသုံးရန်လိုအပ်သည်။ ထုံးဓာတ်၊ သံဓာတ်၊ သွပ်ဓာတ်စသည့် သတ္တုဓာတ်များ လိုအပ်သည်။ ဇရာနှင့်နီးနွှယ်နေသော ရောဂါများမှ ကာကွယ်ပေးနိုင်သော ဘေတာကယ်ရိုတင်း၊ ဗီတာမင်စီ၊ ဗီတာမင်အီးဓာတ်တို့ကိုလည်း လိုအပ်သည်။ ထို့ကြောင့် အာဟာရဓာတ်ကြွယ်ဝသည့် အသား၊ ငါး၊ ဥနှင့် အသီးအနှံများကို ရွေးချယ်စားတတ်ဖို့လိုအပ်သည်။ သက်ကြီးရွယ်အိုများသည် အစာနည်းနည်းဖြင့် မကြာခဏ စားပေးသင့်သည်။ အဆီများသော အစာ၊ အငန်ဓာတ်နှင့် ပူစပ်သောအစာများကို ရှောင်သင့်သည်။

ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဖက်တီးအက်ဆစ်များရရှိရန် ဆီကိုစားသုံးရန် လိုအပ်သည်။ ဆီသည်အင်အားကိုဖြစ်စေပြီး နှုတ်ကို မြိန်စေသည်။ တစ်ကြိမ်တည်းနှင့် အစာများများ မစားနိုင်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များသည် လိုအပ်သည့်ကယ်လိုရီ အပြည့်အဝရရှိစေရန် ဆီကို လုံလောက်စွာ စားသုံးရန် လိုအပ်သည်။ ဆီကို အသက်အရွယ်အလိုက် စားသင့်သလောက် စားရမည်ဖြစ်သည်။ သို့သော် ဆီအစားများသဖြင့် ကယ်လိုရီရရှိမှုသည် လိုအပ်သည်ထက်ပိုနေပါက ခန္ဓာကိုယ်၌ အဆီများ စုမိပြီး ဝဖြိုးလာနိုင်သည်။ အဝလွန်လာလျှင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊သည်းခြေရောဂါ၊အဆစ်ရောင်ရောဂါ၊ အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာရောဂါများ ဖြစ်ပွားလာနိုင်သည်။

နို့၊ မလိုင်၊ ထောပတ်စသော တိရစ္ဆာန်ထွက် အဆီများသည် ပြည့်ဝဆီဖြစ်ပြီး ရောဂါဘယထူပြောစေနိုင်သဖြင့် ဆင်ခြင်၍ စားသုံးရမည်။ ပဲဆီ၊ နှမ်းဆီ၊ နေကြာစေ့ဆီစသည့် အပင်ထွက်အဆီများသည် မပြည့်ဝဆီဖြစ်ပြီး အသက်အရွယ်အလိုက် စားသုံးသင့်သည့် ပမာဏအထိစားသုံးနိုင်သည်။ အစားအစာများကို ဆီနှင့်ကြော်မစားဘဲပြုတ်၍စားခြင်း၊ မီးကင်မီးဖုတ်၍ စားခြင်း၊ နို့ကို မလိုင်ထုတ်၍ သောက်သုံးခြင်းများသည် သင့်လျော်ကောင်းမွန်သည်။

သွေးထဲတွင် ကိုလက်စထရော အဆီဓာတ်များလွန်းလျှင် သွေးကြောများကျဉ်းခြင်း၊ ပိတ်ဆို့ခြင်းများ ဖြစ်တတ်သည်။ ပြည့်ဝဆီများ စားသုံးခြင်းကို အဓိကထားရှောင်ကြဉ်ခြင်းဖြင့် ကိုလက်စထရော အဆီဓာတ်များပြားခြင်းကို ကာကွယ်လျှော့ချနိုင်သည်။

ရောဂါကာကွယ်ပေးနိုင်စွမ်းသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတွင် သံဓာတ်၊ ထုံးဓာတ်စသည့် သတ္တုဓာတ်များ၊ ဗီတာမင်အေ၊ ဗီတာမင်စီ၊ ဗီတာမင်အီး၊ ဖောလစ်အက်ဆစ်စသည့် ဗီတာမင်ဓာတ်များ ကြွယ်ဝသည်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများသည် ဝမ်းကိုမှန်စေပြီး အမျှင်ဓာတ်များ ပါဝင်သဖြင့် ကျန်းမာရေးကို များစွာအထောက်အကူ ဖြစ်စေသည်။ အဝလွန်ခြင်းကိုလည်း တားဆီးနိုင်သဖြင့် ဆီးချို၊ သွေးတိုးရောဂါများ၏ အန္တရာယ်မှလည်း ဝေးစေနိုင်သည်။ သက်ရွယ်မျိုးစုံ ဖောဖောသီသီ စားသုံးသင့်သော အစာပင်ဖြစ်သည်။

ယခုအခါ အဝလွန်ခြင်းကို ရောဂါတစ်မျိုးဟု သတ်မှတ်လာကြသည်။ ဝဖြိုးမှုကို ခန့်မှန်းရာတွင် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ကို တိုင်းတာကြည့်ခြင်းမှာ အလွယ်ကူဆုံးနည်းဖြစ်သည်။ အရပ်အမောင်းချင်းတူလျှင် ကိုယ်အလေးချိန် နည်းသူက ပိန်ပြီး ကိုယ်အလေးချိန်များသူက ဝသည်။ ကိုယ်အလေးချိန် များလာခြင်းသည် ဝဖြိုးလာခြင်းပင်ဖြစ်ရာ မိမိအရပ်အမောင်းအလိုက် ရှိသင့်သည်ထက် ပိုမသွားအောင် ထိန်းထားရန် လိုအပ်သည်။

ထမင်းကို တနင့်တပိုးစားခြင်း၊ သရေစာတစွတ်စွတ်စားခြင်း၊ ပြည့်ဝဆီများ စားသုံးခြင်း၊ အချိုလွန်သော အစားအသောက်များ စားသုံးခြင်း၊ အရက်သေစာ သောက်သုံးခြင်းများကို ရှောင်ကြဉ်၍ မိမိနှင့်သင့်လျော်သော ကိုယ်လက်လှုပ်ရှားမှု တစ်ခုခုကို စွဲမြဲစွာ လုပ်ဆောင်ခြင်းဖြင့် ကိုယ်အလေးချိန်ကို ထိန်းနိုင်သည်။

ကိုယ်ဝန်ဆောင်မိခင်များ အိုင်အိုဒင်းချို့တဲ့လျှင် ကိုယ်ဝန်ပျက်ခြင်း၊ ကလေးအသေမွေးခြင်း၊ လမစေ့ ပေါင်မပြည့်သောကလေးမွေးခြင်း၊ မသန်စွမ်းသောကလေး၊ ဆွံ့အ နားမကြားသော ကလေး၊ ဉာဏ်ရည်နိမ့်သောကလေး မွေးတတ်သည်။ ကလေးများအိုင်အိုဒင်းချို့တဲ့မှုကြောင့် မကြီးထွားဘဲ အရပ်ပုနေတတ်သည်။ ဉာဏ်ထိုင်းပြီး နှေးကွေးတတ်သည်။ လည်ပင်းကြီးရောဂါဖြစ်တတ်သည်။ လူကြီးများ အိုင်အိုဒင်းချို့တဲ့လျှင် လည်ပင်းကြီးရောဂါဖြစ်ခြင်း၊ ထုံထိုင်းနှေးကွေးခြင်းများ ဖြစ်တတ်သည်။ ထို့ကြောင့် မိသားစုတိုင်း အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးရန် လိုအပ်သည်။ အငန်ဓာတ်ကိုမူ သင့်ရုံ ချိန်ဆ၍ သုံးစွဲကြရမည်ဖြစ်သည်။

ခန္ဓာကိုယ်၏ ရာခိုင်နှုန်း ၇၀ ကို ရေနှင့်တည်ဆောက်ထားခြင်းဖြစ်၍ ရေကိုနေ့စဉ် လုံလောက်အောင် သောက်သုံးဖို့လိုသည်။ ရာသီဥတုပူပြင်းချိန်၊ ဖျားနာချိန်၊ ကိုယ်လက်လှုပ်ရှားမှုများသည့် အချိန်များတွင် ရေကိုပိုမိုသောက်သုံးသင့်သည်။ သန့်ရှင်း၍ ရောဂါပိုးမွှားကင်းသော သောက်ရေသည် လူတို့အတွက် အလွန်အရေးကြီးသည်။ သဘာဝသစ်သီးဖျော်ရည်များနှင့် နို့သည် အာဟာရကြွယ်ဝသဖြင့် သောက်သုံးသင့်သည်။ အာဟာရမပြည့်ဝသော အချိုရည်နှင့် အရက်သေစာတို့ကိုမူ ရှောင်ကြဉ်သင့်သည်။

လူတိုင်းကိုယ်စီ ကျန်းမာဖို့ အာဟာရမျှတအောင် စားသုံးကြရမည်ဖြစ်သည်။ အဆီနှင့်အငန်ကို ဆင်ခြင်၍ စားရမည်။ ကျန်းမာရေးနှင့်ညီညွတ်သော အပြုအမူ အနေအထိုင်များ ရရှိအောင် လေ့ကျင့်နေထိုင်ပါ။ ဆေးလိပ်လုံးဝမသောက်ပါနှင့်၊ ဆေးမငုံပါနှင့်၊ အရက်ကိုအလွန်အကျွံမသောက်ပါနှင့်။ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ပါ၊ စိတ်ဖိစီးမှု ပူပင်သောကများကို တတ်နိုင်သမျှ ဖြေဖျောက်ပါ၊ လောဘ၊ ဒေါသနည်းအောင် မိမိစိတ်ကို ထိန်းသိမ်းစောင့်ရှောက်ပါဟု တိုက်တွန်းလိုပါသည်။ လူတိုင်း ကျန်းမာနိုင်ပါသည်။ မိမိကျန်းမာရေးကို မိမိကိုယ်တိုင်ပင် ပြုစုစောင့်ရှောက်၍ သက်တမ်းစေ့ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားနိုင်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

အာဟာရပြည့်ဝမျှတစွာ မစားသုံးတတ်သဖြင့် ကြုံတွေ့ရသည့် အာဟာရချို့တဲ့မှုအမျိုးမျိုးသည် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ရောဂါအမျိုးမျိုးကို ခံစားရစေနိုင်ရုံမျှမက အချို့မှာ အသက်ဆုံးရှုံးရသည်အထိ ဖြစ်ပေါ်။ အာဟာရမျှတစွာ မစားသုံးတတ်သဖြင့်လည်း အာဟာရလွန်ကဲမှုများ ဖြစ်ပေါ်စေကာ ဝဖြိုးခြင်းကို ဖြစ်ပေါ်။ အဝလွန်ကဲခြင်းနှင့် ဆက်နွှယ်၍ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါများကို ဖြစ်စေပြီး သက်တမ်းစေ့ မနေရအောင် ဒုက္ခပေးတတ်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် တစ်ခါတစ်ရံလေပြင်းတိုက်နိုင်

ရန်ကုန် မတ် ၁၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့် အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ သာယာဝတီမြို့တွင် ၃၉ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၁၅ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာ ကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ရုပ်မြင်သံကြား

၁၅-၃-၂၀၀၉ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ အဆိုပြိုင်ပွဲ

၇:၅၀ ၅။ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်

၈:၀၀ ၆။ သံသာချိုအေးမင်္ဂလာတေး

၈:၁၅ ၇။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၈:၂၀ ၈။ International News

၈:၄၅ ၉။ **စက်မှုဇုန်မှာကျွန်မစက်ရုံလာတည်တော့မယ်**
ဖြိုးငွေစိုး၊ မိုးဒီ၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး
[ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]

၈:၅၀ ၁၀။ တေးဂီတအစီအစဉ်

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်

၁၁:၄၀ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၃၁)

၁၂:၅၀ ၄။ **သစ္စာမော်ကွန်း**
သူထူးစံ၊ မင်းဟိဏ်း၊ သားညီ၊ ပြေတီဦး၊ နဒီ၊ သက်မွန်မြင့်
(ဒါရိုက်တာ-ညိုမင်းလွင်)

၁၄:၃၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက

၁၄:၄၀ ၆။ အတီးပြိုင်ပွဲ

၁၄:၄၅ ၇။ International News

၁၅:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး

၄:၁၀ ၂။ တေးဂီတအစီအစဉ်

၄:၂၅ ၃။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ

၄:၄၀ ၄။ အဝေးသင်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(မြန်မာပညာ အထူးပြု) (မြန်မာမှုပညာ)

၄:၅၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၅:၀၀ ၆။ **ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး**
ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ
(ဒါရိုက်တာ-ဆွေဇင်ထိုက်)

၅:၁၅ ၇။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၅:၃၀ ၈။ ဆိုကြမယ်ပျော်ကြမယ်

၆:၀၀ ၉။ ညနေခင်းသတင်း

၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၁။ ကာတွန်းအစီအစဉ် "Pocket Dragon Adventure"

၆:၅၅ ၁၂။ တစ်မျက်နှာတစ်ကွက်စာ **မြန်မြန်ပို့**
ရွှင်ပျော်ပျော်၊ ဒိန်းဒေါင်၊ ရာဇာ ပေါက်စီ၊ စိန်ပန်းသီး၊ ကျော်ငွေးနိုင်၊ ရဲလေး၊ ချစ်စနိုး
(ဒါရိုက်တာ-ထင်ထင်း)

၇:၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သောမေတ္တာ** (အပိုင်း-၂၇) (ဇာတ်သိမ်းပိုင်း)

၈:၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာမုန်တိုင်း** (အပိုင်း-၁၉)

Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် မတ် ၁၄

မြန်မာပီဂျီအေက ကြီးမှူး၍ မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် Air Bagan Ltd. က အဓိက ကူညီပံ့ပိုးပေးသော Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပရာ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဥက္ကဋ္ဌဦးတေဇ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မင်းနှင့် ဦးမင်းသိန်း၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ ပန်းလှိုင်ဂေါက်ကလပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ ၁၈ကျင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်ကစားလျက်ရှိသော Steward GINN (Australia) ။
(ဂေါက်သီးအဖွဲ့ချုပ်)

ဦးဆောင်ကစား

တတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် Airil Rizman(Malaysia) က သုံးရက်ပေါင်းရိုက်ချက် ၂၀၆ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

စိုးကျော်နိုင်နှင့် Steward GINN (Australia) တို့က သုံးရက်ပေါင်း ရိုက်ချက် ၂၁၀စီဖြင့် ဒုတိယ လိုက်နေကြပြီး နိုင်နိုင်လင်းနှင့် နေဗလဝင်းမြင့် (Amateur) တို့က သုံးရက်ပေါင်း ရိုက်ချက် ၂၁၆ချက်စီဖြင့် တတိယ လိုက်ကြကာ သိန်းဇော်မြင့်က သုံးရက်ပေါင်း ရိုက်ချက် ၂၁၇ချက်ဖြင့် စတုတ္ထ လိုက်နေသည်။

ထပ်မံပံ့ပိုး

အဆိုပါပြိုင်ပွဲ၏ Main Sponsor အဖြစ် Air Bagan Ltd.က အဓိကကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် International Beverages Trading Co.,Ltd. KBZ Bank,Pun Hlaing Golf Club,Aureum Palace Hotel, Myanmar Treasure Resort Hotel,CEPSA(Lubricants),KM Golf Centre, Srixon နှင့် Alpine Purified Drinking Water တို့က ထပ်မံပံ့ပိုးကူညီကြသည်။

ယနေ့ဆက်မည်

စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲကို မတ် ၁၅ရက် နံနက် ၈နာရီတွင် ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးနှင့်သစ်တောရေးရာအသင်းတို့ နှစ်ကျော့စလုံးအနိုင်ရပြီး ကွာတားဖိုင်နယ်တက်ပြီ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၄

၂၀၀၈-၂၀၀၉ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) ကွင်းပိတ်ရှုံးထွက် ဘောလုံးပြိုင်ပွဲ ပထမဆင့် ရှုံးထွက် ဒုတိယအကျော့ပွဲစဉ်များကို ယနေ့ညနေ၃နာရီခွဲက သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းနဲ့ သစ်တောရေးရာအသင်းတို့အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားကြပါတယ်။

သုဝဏ္ဏကွင်း

ပို့ဆောင်ရေးအသင်း - တစ်ဂိုး
မြန်မာ့မီးရထား - ဂိုးမရှိ

ပထမအကျော့တုန်းက အနိုင်ရထားတဲ့ ပို့ဆောင်ရေးအသင်းကတော့ ကွာတားဖိုင်နယ်တက်ဖို့ အမှားအယွင်းမရှိအောင် ကစားသွားနိုင်ခဲ့ပါတယ်။ ပို့ဆောင်ရေးအသင်းဟာ အခွင့်အရေးတွေရတဲ့အထဲက တစ်ကြိမ်သာအသုံးချနိုင်ခဲ့ပေမယ့် ခံစစ်ပိုင်းက အမှားနည်းလို့ အနိုင်ရခဲ့တယ်ဆိုရင် မမှားပါဘူး။ ပထမအကျော့တုန်းက နှစ်ဂိုး-တစ်ဂိုးနဲ့ကပ်ပြီး ရှုံးနိမ့်ခဲ့လို့ နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်ရှိနေတဲ့ မြန်မာ့မီးရထားအသင်းဟာ ကြိုးစားကစားခဲ့ပေမယ့် အဆုံးသတ်အားနည်းခဲ့လို့ အရေးနိမ့်ခဲ့ရတာ ဖြစ်ပါတယ်။

မြန်မာ့မီးရထားမှ စိုးမင်းနိုင် ချေပဂိုးရရန် ဤသို့ကြိုးစားခဲ့ပါသော်လည်း....
(မြန်မာ့အလင်း)

တိုက်စစ်မှာ ဝင်းမင်းထွဋ် ပြန်ပါလာလို့ ပို့ဆောင်ရေး တိုက်စစ်ကစားပုံ ပိုကောင်းခဲ့ပြီး ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပါတယ်။ တစ်မိနစ်မပြည့်မီမှာပဲ အောင်မြင့်ထွန်းက မီးရထားဂိုးသမားကိုလိမ်ပြီး ကန်သွင်းပေမယ့် နောက်ခံလူ ကောင်းထွန်းက ဂိုးထဲဝင်ခါနီးမှ ဖျက်ထုတ်နိုင်ခဲ့လို့ ပို့ဆောင်ရေး နစ်နာခဲ့ရပါတယ်။ ဒါပေမယ့် နှစ်မိနစ်မှာတော့ တစ်လုံးတည်းသော အနိုင်ဂိုးကို ကောင်းမြတ်ဦး ပေးတာမှတစ်ဆင့် ဝင်းမင်းထွဋ်က ပိတ်သွင်းယူခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ မြန်မာ့မီးရထားအသင်း ကစားအားတင်လာပြီး ချေပဂိုးရဖို့ ကြိုးစားခဲ့ပေမယ့် အပြီးသတ်ဂိုးသွင်း အားနည်းခဲ့လို့ ပထမပိုင်းကတည်းက အရေးနိမ့်နေခဲ့ပါတယ်။

ဒုတိယပိုင်း

ဒုတိယပိုင်းမှာလည်း မီးရထားတို့ ဖိကစားနိုင်ခဲ့ပေမယ့် ဂိုးရနိုင်မယ့် အခွင့်အရေးတွေ ရခဲ့တာက ပို့ဆောင်ရေးပါ။ ထက်အောင်၊ ကြည်လင်း၊ စောဇင်ဦးတို့ ဂိုးသွင်းမသေချာခဲ့လို့ ပို့ဆောင်ရေး ဂိုးထပ်မရတော့ပါဘူး၊ နောက်တန်းကစားသမား ခြောက်ဦး အသုံးပြုသွားတဲ့ ပို့ဆောင်ရေးအသင်းဟာ မီးရထား တိုက်စစ်ကို အကောင်းဆုံး ထိန်းချုပ်နိုင်ခဲ့ပြီး နှစ်ကျော့စလုံး အနိုင်ကစားကာ ကွာတားဖိုင်နယ်ကို တက်ရောက်သွားပါတယ်။

အောင်ဆန်းကွင်း

အောင်ဆန်းကွင်းမှာ ကစားတဲ့ပွဲမှာ သစ်တောရေးရာက ဆက်သွယ်ရေးကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိသွားပါတယ်။ ကွာတားဖိုင်နယ်မှာ ပို့ဆောင်ရေးအသင်းဟာ ကမ္ဘောဇ-Air Bagan ပွဲက အနိုင်ရတဲ့အသင်း၊ သစ်တောရေးရာဟာ စွမ်းအင်-ဆောက်လုပ်ရေးပွဲက အနိုင်ရတဲ့အသင်းနဲ့ ကစားရမှာ ဖြစ်ပါတယ်။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

Air Bagan F.C - ကမ္ဘောဇ

အောင်ဆန်းကွင်း

ဆောက်လုပ်ရေး-စွမ်းအင်

(မြန်မာ့အလင်း)

စနူကာနှင့်ဘိလိယက်ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် မတ် ၁၄

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် International Beverges Trading Co., Ltd. (IBTC) တို့က အဓိကကူညီပံ့ပိုး၍ ပူးပေါင်းကျင်းပသည့် Grand Royal Special Reserve Snooker & Billiards Championship 2009 နှင့် စနူကာ (လူသစ်တန်း)ပြိုင်ပွဲများကို မတ် ၁၈ရက်မှစတင်၍ ရန်ကုန်မြို့၌ ဒိုင်းမွန်းဘိလိယက်နှင့် စနူကာစင်တာ ကမာရွတ်မြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အဆိုပါပြိုင်ပွဲများအနက် Snooker (လူသစ်တန်း) ပြိုင်ပွဲကို မတ် ၁၈ရက်မှစတင်၍လည်းကောင်း၊ Snooker (လူသစ်တန်း) Championship ပြိုင်ပွဲကို မတ် ၂၄ရက်မှစတင်၍လည်းကောင်း၊ Snooker ဘိလိယက်အကြီးတန်းပြိုင်ပွဲကို မတ် ၂၈ရက်မှ စတင်၍လည်းကောင်း ဘိလိယက်အကြီးတန်းပြိုင်ပွဲကို ဧပြီ ၃ရက်မှ စတင်၍လည်းကောင်း အသီးသီးကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်လိုသော အားကစားသမားများသည် ဒိုင်းမွန်းဘိလိယက်နှင့် စနူကာစင်တာ ကမာရွတ်မြို့နယ်တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်)**

ကလောမြို့ရေပေးရေးဆောင်ရွက်လျက်ရှိသော ရေအေးကန်ကြွံခိုင်မှု အခြေအနေနှင့် ရေသိုလှောင်ထားရှိမှုကို မတ် ၆ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်း တို့က ရှင်းလင်းတင်ပြကြစဉ်။ (သတင်းစဉ်)

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

ဘူမိဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၄

၁၉၇၈ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် နောက်ဆုံးနှစ် ဘူမိဗေဒကျောင်းသားဟောင်းများ၏ (၁၂) ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို မတ်၂၈ရက် ညနေ၆နာရီတွင် ဗဟန်းမြို့နယ် အားကစားကွင်းအတွင်းရှိ M-3 Food Center၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် ကျောင်းသားဟောင်းများ၏ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သော သားသမီးများကိုပါ ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်ရာ ဦးမြထူး၊ ဦးကျော်ထူး ဖုန်း-၅၅၈၄၆၁၊ ဦးအေးကိုကို၊ ဦးနေဝင်း ဖုန်း- ၅၄၈၄၁၄၊ ဦးအောင်မြ ဖုန်း-၀၉-၅၁-၀၆၆၃၁၊ ဦးအောင်ကြိုင် ဖုန်း- ၀၉-၅၀-၀၂၉၇၄၊ ဦးဇေမျိုးလှိုင် ဖုန်း-၀၉-၈၀-၃၂၄၅၈၊ ဦးဟန်ငြိမ်း ဖုန်း-၂၀၂၈၀၂၊ ဦးအောင်မြင့်ကျော် ဖုန်း-၃၇၄၆၄၂၊ ဦးအောင်ကျော်ထွန်း ဖုန်း-၅၅၈၃၀၇၊ ဦးသောင်းလွင် ဖုန်း-၀၉-၈၀-၃၁၈၇၇၊ ဦးမြင့် ဖုန်း-၂၂၂၆၁၃၊ ဦးစည်အောင် ဖုန်း-၀၉-၅၀-၁၉၁၄၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဓာတ်ဆီ ဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ်(Static Electricity) ဖြစ်ပေါ်ပြီး မီးလောင်မှုများ ဖြစ်ပွားစေနိုင်ပါသည်။ ထို့ကြောင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မင်းပြားမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၁၄

မင်းပြားမြို့နယ်အသင်း(ရန်ကုန်) ၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကျောင်းတော်ရာ ရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ မြို့နယ်သူ မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များ၊ မိဘများ၊ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် အသင်းဝင်များ၏ အမည်စာရင်းများကို ဥက္ကဋ္ဌ ဦးစိန်လှအောင် ဖုန်း- ၅၇၁၇၁၀နှင့် အတွင်းရေးမှူး ဦးထွန်းကျော် ဖုန်း- ၀၉-၅၀-၈၄၀၀၁တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဥတုရာသီ တောကိုမှီ၏

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ချယ်လ်ဆီးယာယီနည်းပြ ဂူဟစ်ဒင့် ရုရှားနည်းပြအဖြစ်သာ လုပ်ကိုင်မည်ဟုဆို

လန်ဒန် မတ် ၁၄

ချယ်လ်ဆီးကစားသမားများက နည်းပြဂူဟစ်ဒင့် **(ယာပုံ)**ကို အသင်းတွင် ဆက်လက်နည်းပြစေလိုသော်လည်း မေလကုန်တွင် အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ချယ်လ်ဆီး ယာယီနည်းပြ ဂူဟစ်ဒင့်က ထပ်လောင်းပြောကြားခဲ့သည်။

ဒတ်ချ်လူမျိုးနည်းပြဂူဟစ်ဒင့်အား လာမည့်နှစ်ရာသီကုန်အထိ ၎င်းတို့၏နည်းပြအဖြစ် ဆက်လက်ရှိနေစေချင်ကြောင်း ဝါရင့်ကစားသမားများဖြစ်သည့် မိုက်ကယ်ဘောလက်နှင့် ပီတာဆက်ချ်တို့က ပြောကြားခဲ့သည်။ သို့သော်လည်း ချယ်လ်ဆီးအသင်းတွင် သိက္ခာရှိစွာဖြင့် နည်းပြဘဝကို စတင်နိုင်လင့်ကစား ၎င်းအနေဖြင့် ရုရှားနည်းပြအဖြစ်သာ ပြန်လည်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဂူဟစ်ဒင့်က ထုတ်ဖော်ပြောကြားခဲ့သည်။ **(အင်တာနက်)**

အက်စ်တွန်ဗီလာဂိုးသမား တေလာအား ကာဒစ်ဖ်အသင်းက အငှားစာချုပ်ခေါ်ယူ



လန်ဒန် မတ် ၁၄

ကာဒစ်ဖ်စီးတီးအသင်းသည် အက်စတွန်ဗီလာအသင်း ဂိုးသမား စတူးဝပ် တေလာ**(ယာပုံ)**ကို တစ်လအငှားစာချုပ် ချုပ်ဆိုခေါ်ယူရန် သဘောတူညီမှုရရှိပြီး ဖြစ်သည်။

နှစ်ပွဲကစားပေးခဲ့

အသက် ၂၈နှစ်ရှိ အာဆင်နယ် ဂိုးသမားဟောင်း တေလာသည် ယခုရာသီတွင် ဗီလာအတွက် နှစ်ပွဲကစားပေးခဲ့ပြီး ၎င်းသည် ပြီးခဲ့သည့် မတ် ၁၃ ရက်က ကာဒစ်ဖ်သို့ အပြီးသတ်ပြောင်းရွှေ့ခဲ့သည်။ **(အင်တာနက်)**

ဗလင်စီယာမှဗီလာအား ကမ်းလှမ်းခဲ့သည်ဆိုမှု မန်စီးတီးအသင်းက ငြင်းဆို

လန်ဒန် မတ် ၁၄

ဗလင်စီယာ တိုက်စစ်မှူး ဗီလာ (အောက်ပုံ) အား မန်စီးတီးက ခေါ်ယူရန် ဆက်သွယ်ခဲ့သည်ဆိုသော သတင်းကို မန်စီးတီးအသင်းက ငြင်းဆိုခဲ့သည်။

ဗီလာကိုခေါ်ယူရန် မန်စီးတီးက **ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း ဗလင်စီယာ အသင်းမှထုတ်ဖော် ပြောကြားခဲ့သည်။ သို့သော်လည်း မည်သည့်ကမ်းလှမ်းမှုမျိုးမှ မပြုလုပ်ခဲ့ကြောင်း မန်စီးတီးက ငြင်းပယ် ပြောကြားခဲ့သည်။** (အင်တာနက်)

ဒဗလျူဂျီစီ-စီအေ ဂေါက်သီးရိုက်ပြိုင်ပွဲ အမေရိကန်မှ မစ်ကယ်လ်ဆန် ဦးဆောင်

လန်ဒန် မတ် ၁၄

ဒဗလျူဂျီစီ-စီအေ ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အမေရိကန် ဂေါက်သီးသမား ဖီးမစ်ကယ်လ်ဆန်သည် စုစုပေါင်း လျှော့ရိုက်ချက် ၁၃ ချက်အသာဖြင့် ဒုတိယနေရာမှ တစ်နိုင်ငံတည်းသား နစ်ခ်ဝက်တနေအား နှစ်ချက်အသာဖြတ်ထားနိုင်ပြီး ပြိုင်ပွဲကို ဦးဆောင်နေသောကြောင့် မစ်ကယ်လ်ဆန်နှင့် ရှိရီမက်အီလ်ရှိုင်တို့မှာ အကြိတ်အနယ် အခြေအနေသို့ ရောက်ရှိလာသည်။

မြောက်အိုင်ယာလန် ဆယ်ကျော်သက် ဂေါက်သီးသမား ရှိရီမက်အီလ်ရှိုင်သည် သတ်မှတ်ရိုက်ချက်အောက် ၁၀ချက် လျှော့ရိုက်ကာ တတိယနေရာတွင် ရပ်တည်နေသည်။ **(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ဒူးအရွတ်လွဲ ဒဏ်ရာရ ကော်လစ်ဆန် ယခုရာသီတွင်ကစားနိုင်မည်ဟု ဝက်စ်ဟမ်းကမျှော်လင့်

လန်ဒန် မတ် ၁၄

ဝက်စ်ဟမ်းကစားသမား ဂျက်ခ်ကော်လစ်ဆန်သည် ဒူးအရွတ် အနေအထားလွဲမှုကြောင့် သီတင်းခြောက်ပတ်မှ ခုနစ်ပတ်အထိ အနားယူရမည်ဖြစ်လင့်ကစား ယခုရာသီတွင် အချိန်ပိုင်း ပါဝင်ကစားနိုင်ဖွယ်ရှိသေးကြောင်း အသင်းက မျှော်လင့်ထားသည်။

ဒဏ်ရာရရှိခဲ့

အသက် ၂၀ရှိ ဝေလလက်ရွေးစင် ကော်လစ်ဆန်သည် မကြာသေးမီက ဝီဂန်အသင်းကို ဝက်စ်ဟမ်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသောပွဲစဉ်၌ ယင်းဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ချယ်လ်ဆီးမှတယ်ရီ ဘယ်ကိုသွားမလဲ....

ရေးသူ -မောင်ချစ်ကြည် ❖ စာမျက်နှာဖွဲ့စည်းမှု -ဟန်စိုး (မြန်မာ့အလင်း)

လန်ဒန် မတ် ၁၄

ချယ်လ်ဆီးနည်းပြအဖြစ်ကနေပြီး လာမယ့်မေလကုန်မှာ နုတ်ထွက်တော့မယ့် ဂူဟစ်ဒင့်က တယ်ရီအနေနဲ့ ချယ်လ်ဆီးအသင်းမှာပဲ ဆက်လက်နေထိုင်ကစားဖို့ တိုက်တွန်းပြောကြားလိုက်ပါတယ်။

လေးစားယုံကြည်မှု

စကိုလာရီနည်းပြအဖြစ်က ထုတ်ပယ်ခံရပြီးနောက်ပိုင်းမှာ ဂူဟစ်ဒင့်နည်းပြတာဝန်ယူလိုက်တဲ့အခါ ဂူဟစ်ဒင့်ရဲ့ ဘောလုံးသမားတွေအပေါ် ကိုင်တွယ်မှု၊ သွန်သင်ပြသမှုနဲ့ နည်းစနစ်ကောင်းမွန်မှုအပြင် ဘောလုံးသမားတွေကို တစ်ပြေးညီအခွင့်အရေးပေးခဲ့တာမို့ အချိန်တိုအတွင်းမှာ ချယ်လ်ဆီးဘောလုံးသမားတွေရဲ့ လေးစားယုံကြည်မှုကို ရရှိခဲ့ပါတယ်။

လက်တွန့်သွား

ဒါကြောင့် ချယ်လ်ဆီးကနေပြီး ထွက်ခွာတော့မယ်လို့ ပြောကြားနေတဲ့ ဒရော့ဘာ၊တယ်ရီနဲ့ ဘောလက်တို့ဟာ နည်းပြဂူဟစ်ဒင့်ကြောင့် အသင်းပြောင်းရွှေ့မှု မလုပ်တော့ဘူးလို့ အသီးသီးပြောကြားခဲ့ပါတယ်။ ဒါကြောင့် ဒီလိုထိပ်တန်းဘောလုံးသမားတွေကို ခေါ်ယူဖို့ ကြိုးစားနေတဲ့ အသင်းတွေအနေနဲ့ ဟန်ပြင်မှုတွေ လက်တွန့်သွားခဲ့ပါတယ်။

အခုတော့ နည်းပြဂူဟစ်ဒင့်က အသင်းကနေပြီး ထွက်ခွာတော့မယ်လို့ ထုတ်ဖော်ပြောကြားလိုက်တာမို့ တယ်ရီကို ခေါ်ယူဖို့ကြိုးစားနေတဲ့ မန်စီးတီးဟာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ပြောင်းရွှေ့ခအမြင့်ဆုံးပေးမယ်လို့ ဈေးခေါ်လိုက်ပြီဖြစ်ပါတယ်။

စိတ်မဝင်စား

မန်စီးတီးကလပ်အနေနဲ့ ကနဦးကမ်းလှမ်းမှုအဖြစ်ပြောင်းရွှေ့ကြေးပေါင် ၂၅သန်းပေးမယ်လို့ဆိုထားပေမယ့် အဲဒီထက်နှစ်ဆကျော်တိုးပေးမယ်လို့ပြောကြားနေပါတယ်။ အသက် ၂၈နှစ်အရွယ်ရှိနေပြီဖြစ်တဲ့ တယ်ရီကတော့ အပြောင်းအရွှေ့အနေနဲ့ မန်စီးတီးကိုတော့ စိတ်မဝင်စားဘူးလို့ ဆိုပါတယ်။

အသင်းပြောင်းရွှေ့

ဒါပေမယ့် မန်စီးတီးကလပ်က တယ်ရီရဲ့ လုပ်ခလစာကို တစ်ပတ်ပေါင်နှစ်သိန်းနီးပါးပေးမယ်လို့ မက်လုံးပေး စကားဦးသန်းထားတာဆိုတော့ ဂျွန်တယ်ရီအတွက် စဉ်းစားစရာ ဖြစ်လာပါတယ်။ တယ်ရီရဲ့ အေးဂျင့်ကတော့ နွေရာသီမှာ အသင်းပြောင်းရွှေ့ဖို့ရှိတယ်လို့တော့ ဆိုနေပါတယ်။

တယ်ရီဟာ ၁၉၉၈ခုနှစ် အောက်တိုဘာလမှာ ချယ်လ်ဆီးအသင်းကို ရောက်ရှိခဲ့ပြီး အဲဒီနှစ်မှာပဲ ချယ်လ်ဆီးကလပ်ရဲ့ နည်းနည်းနဲ့ ကစားတတ်ပြီး ခေါင်းအေးအေးနဲ့ တည်တည်ငြိမ်ငြိမ် ကစားတတ်တဲ့ တယ်ရီကို မန်စီးတီးကလပ်ပိုင်ရှင်တွေနဲ့ မန်စီးတီး နည်းပြကလည်း အထူးသဘောကျနေတာမို့ ခေါ်ယူဖို့ ကြိုးစားနေခြင်း ဖြစ်ပါတယ်။

ချယ်လ်ဆီးကလပ်မှာနှစ်ရှည်ကစားခဲ့တဲ့တယ်ရီဟာ အခုလို ချယ်လ်ဆီးကလပ်က ထွက်ခွာဖို့ ဆုံးဖြတ်တာဟာ အသင်းမှာ ကစားသမားတွေ စုစည်းမှု၊ ညီညွတ်မှု တဖြည်းဖြည်းနည်းလာလို့ ဖြစ်တယ်လို့ ဆိုပါတယ်။

မန်စီးတီးကလပ်က နွေရာသီ၌ ခေါ်ယူရန် ကြိုးစားနေသည့် ချယ်လ်ဆီး နောက်တန်းခံစစ်မှူး တယ်ရီ။

တစ်နှစ်တာ အကောင်းဆုံး လူငယ်ကစားသမားဆုကို ဆွတ်ခူးရရှိခဲ့သူဖြစ်ပါတယ်။

တယ်ရီဟာ ချယ်လ်ဆီးကလပ်မှာ မတ် ၁၄ရက်အထိ ပွဲပေါင်း ၃၉၀ကစားခဲ့ပြီး ဂိုးပေါင်း ၃၅ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ နောက်တန်းခံစစ်မှူး တစ်ဦးဖြစ်ပါတယ်။ ဒီနှစ်ဘောလုံးရာသီမှာ စုစုပေါင်း ၃၆ပွဲ ကစားပေးထားပြီး သုံးဂိုးသွင်းယူပေးထားနိုင်ပါတယ်။ ဒါ့အပြင် အင်္ဂလန်အသင်း ခေါင်းဆောင်အဖြစ် ဒီနှစ်ဘောလုံး ရာသီမှာ စုစုပေါင်း ငါးပွဲကစားပေးထားပြီး တစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ အမှားအယွင်း

ဆုံးဖြတ်ခဲ့

ဒါ့အပြင် ချယ်လ်ဆီးအသင်း အနေနဲ့ အခုလိုခြေစွမ်းအတိုင်းသာ ဆက်လက်သွားမယ်ဆိုရင် အောင်မြင်မှုရရှိမှာ မဟုတ်ဘူးလို့ သုံးသပ်တာမို့ ထွက်ခွာဖို့ ဆုံးဖြတ်ခဲ့တာလို့ ဆိုပါတယ်။

တယ်ရီရဲ့ ဆန္ဒကတော့ စပိန်နဲ့ အီတလီကလပ်တွေကိုသွားလိုတဲ့ဆန္ဒ ရှိနေတယ်လို့ ဆိုပါတယ်။ ဒါကြောင့် လာမယ့် နွေရာသီမှာတော့ တယ်ရီရဲ့ အပြောင်းအရွှေ့ ဦးတည်ရာကို စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် စေတနာကြီးကြပ်ရေးမှူး (မူးယစ်)ဆင့်ပွားသင်တန်းဆင်း

လားရှိုး မတ် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ နမ့်ခိုက်ကျေးရွာ၌ ဖွင့်လှစ်ထားရှိသည့် လားရှိုး ပြန်လည်ထူထောင်ရေးစခန်းတွင် မူးယစ်ဆေးဖြတ်ပြီးသူများအား ရပ်ရွာအခြေအနေ ပြန်လည်ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် စေတနာ ကြီးကြပ်ရေးမှူး (မူးယစ်) ဆင့်ပွား သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၇ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသုတက သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။ **(လူမှုဝန်ထမ်း)**



မတ် ၆ရက်က မူဆယ်မြို့အဝင် ပြည်ထောင်စုလမ်းမကြီးတွင် ယာဉ်သွားလာမှု လွယ်ကူစေရေးအတွက် လမ်းအကျယ် ၂၂ပေမှ ၃၈ပေအထိ အရှည် ၁၀၆၂ပေအား စက်ယန္တရားများဖြင့် တိုးချဲ့ဖောက်လုပ်နေခြင်းကို မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်သန်းတို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုစဉ်။ (မြန်မာ့အလင်း)



ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နိုင်ငံအများဆုံး ခရီးသွားနိုင်ခဲ့သူ

ကိုဆိုဗိုနိုင်ငံသား အသက်(၅၂)နှစ်အရွယ်ရှိ ကာရီဆာမာဒါအမည်ရှိ အမျိုးသားတစ်ဦးသည် လွန်ခဲ့သည့် ၂၀၀၈ခုနှစ် မေ ၂၈ ရက်မှ ၂၀၀၉ခုနှစ် မတ် ၁၁ ရက်အထိ ခရီးသွားခဲ့ရာ နိုင်ငံပေါင်း ၁၉၄ နိုင်ငံအား ဖြတ်ကျော်နိုင်ခဲ့သဖြင့် ကမ္ဘာပေါ်၌ နိုင်ငံအများဆုံး ခရီးသွားနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(ဝဲပုံ)**

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံး စကိတ်ကွင်း

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့ရှိ ဇိုကာလိုအရပ်၌ တည်ဆောက်ထားသော ရေခဲစကိတ်ကွင်းကြီးသည် အလျား ၂၅၃ ပေ၊ အနံ ၁၃၃ ပေရှိပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း အကုန်အကျခံ တည်ဆောက်ထားရာ ကမ္ဘာပေါ်၌ အကြီးဆုံးရေခဲစကိတ်ကွင်းကြီးဖြစ်ကြောင်း ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ယာပုံ)

(အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

ရထားဆိုတာကြီးက ....

မြို့သို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသည့် လူငယ်တစ်ဦးအား ဘကြီးဖြစ်သူက အလည်အပတ်ခေါ်လာပြီးနောက် ဘူတာရုံသို့ လိုက်လံပြသလေသည်။

ဘကြီး။ ။ဒီအဆောက်အအုံက ဘူတာရုံလို့ခေါ်တယ်။

လူငယ်။ ။ကောင်းလိုက်တာနော်။

ဘကြီး။ ။ဒီလူတွေက ရထားအလာကိုစောင့်နေတဲ့ ခရီးသည်တွေပေါ့။

လူငယ်။ ။သူတို့က စောင့်ပြီးဘာလုပ်မှာလဲ။

ဘကြီး။ ။သြော်-သူတို့လိုရာခရီးကို သွားကြဖို့ပေါ့။

လူငယ်။ ။ခရီးသည်တွေအများကြီးပဲ။

ထိုအချိန်တွင် ရထားမှာ ဘူတာသို့ဝင်ရောက်လာခဲ့ရာ-

ဘကြီး။ ။အဲဒါရထားလို့ခေါ်တယ်ကွ။

လူငယ်။ ။လက်စသတ်တော့··· ရထားဆိုတာ ကျွန်တော်တို့ရွာတောင်ဘက်ကိုင်းတောထဲက ကင်းခြေများ အကြီးစားကြီးပဲဗျ။

ဘကြီး။ ။'ဟေ'

နိုင်ငံတကာ သတင်းစုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

နည်းပညာသိပ္ပံ

ပလတ်စတစ် နေရောင်ခံအပြားများ အသုံးပြုသွားနိုင်တော့မည်

နေရောင်ခြည်မှ စွမ်းအင်ထုတ်ယူရာတွင် အဓိကကျသောနေရောင်ခံပြားများကို ယခုအခါ ပလတ်စတစ်ပြားများဖြင့် အစားထိုးအသုံးပြုသွားမည်ဖြစ်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

အကျိုးသက်ရောက်

ယခင်ကသတ္တုပြားနှင့် စတီးလ်ပြားများကိုအသုံးပြုခဲ့ရာမှ ပလတ်စတစ်ပြားများအား စမ်းသပ်အသုံးပြုခဲ့ရာ နေရောင်ခြည်မှ စွမ်းအင်ထုတ်ယူရာတွင် ပိုမိုအကျိုးသက်ရောက်မှုရှိပြီး ကုန်ကျစရိတ်သက်သာစေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ထုတ်လုပ်တပ်ဆင်

ပလတ်စတစ်နေရောင်ခံပြားများသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထုတ်လုပ်ရလွယ်ကူပြီး ကုန်ကြမ်းပစ္စည်းများ ပေါများကာ ကုန်ကျစရိတ် သက်သာစေသဖြင့် ယခုအခါ ပလတ်စတစ်နေရောင်ပြားများကို နိုင်ငံတိုင်း ထုတ်လုပ်တပ်ဆင်သွားရန် စီစဉ်လျက်ရှိသည်။

ကုန်ကျမှုနည်း

နေရောင်ခံပလတ်စတစ်ပြားများအား လိုအပ်သည့်အခါသွားလာလှုပ်ရှားနိုင်ရန်အတွက် အမာစားကိုသာ သုံးစွဲလာကြသည်ဖြစ်ရာ အကျိုးသက်ရောက်မှုများပြီး ကုန်ကျမှုနည်းသော နေရောင်ခြည်ခံ ပလတ်စတစ်ပြားများကို သုံးစွဲရန်စီစဉ်နေခြင်းဖြစ်သည်။ **(အင်တာနက်)**

ဘဝဒဿန

■ ***At twenty a man is full of fight and hope. He wants to reform the world. When he's seventy he still wants to reform the world, but he knows he can't.***

❐ *လူဆိုသည်မှာ အသက် ၂၀ အရွယ်၌ ကြိုးစားရုန်းကန်လိုစိတ်၊ မျှော်လင့်ချက်တို့ဖြင့် ပြည့်ဝနေလေ့ရှိပြီး ကမ္ဘာကြီးကိုပင် ပြုပြင်ပေးလိုသည်။ အသက် ၇၀ အရွယ်၌လည်း ကမ္ဘာကြီးကို ပြုပြင်ပေးလိုစိတ်ရှိနေဆဲပင်ဖြစ်သည်။ သို့သော်လည်း ထိုအရာကို သူမတတ်နိုင်တော့ဆိုသည်ကိုမူ ၎င်းကိုယ်တိုင် သိပြီးဖြစ်သည်။*

ကလာရင့်စ်အက်စ်ဒါရိုး (အမေရိကန်လူမျိုးရှေ့နေနှင့် စာရေးဆရာ)

ကံကြမ္မာ ငြိုးမာန်ဖွဲ့လေသောအခါ ....

နိုင်ငံတကာ မှုခင်း

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်ရှိ ကိုလံဘတ်မြို့တွင် သာယာချမ်းမြေ့စွာ နေထိုင်ခဲ့ကြသော မိသားစုတစ်စုရှိသည်။ မိသားစုဝင်များမှာ မိခင်ဖြစ်သူ မေရီလူးဝစ်၊ အမြွှာသားနှစ်ဦးတွင် အကြီးဖြစ်သည့် ဒင်းနစ်လူးဝစ်နှင့် အငယ်ဖြစ်သူ ဒါရစ်လူးဝစ် **(ယာပုံ)**တို့ ဖြစ်ကြသည်။ မေရီလူးဝစ်သည် မိန်းမသားပင်ဖြစ်လင့်ကစား ခင်ပွန်းသည် ဆုံးပါးသွားကတည်းက ၎င်းရှာဖွေချန်ထားရစ်သော စီးပွားရေးလုပ်ငန်းများ၊ စည်းစိမ်ဥစ္စာများ မလျော့ပါးစေဘဲ တိုးပွားသည်ထက်တိုးပွားအောင် ထိန်းသိမ်းရင်း အမြွှာသားနှစ်ဦးအား ကျွေးမွေးပြုစုစောင့်ရှောက်ကာ ပညာသင်ကြားပေးခဲ့သည်။

ကြိုးစား

ဒင်းနစ်လူးဝစ်နှင့် ဒါရစ်လူးဝစ်တို့သည် အမြွှာညီအစ်ကိုဖြစ်သည့်အားလျော်စွာ တစ်ဦးကိုတစ်ဦး အလွန်ချစ်ခင်ကြသည်။ အတူမခွဲတပူးတွဲ တွဲနေထိုင်ကာ စားအတူ၊ သွားအတူ၊ လာအတူ နေထိုင်ကြသူများဖြစ်သည်။ သူတို့နှစ်ဦးသည် အသက် ၁၉ နှစ်အရွယ်ရှိပြီး တက္ကသိုလ်တွင် တတိယနှစ်သို့ရောက်ရှိနေကြပြီဖြစ်သည်။ နှစ်ဦးစလုံးပင် ပညာရေးတွင် အာရုံစိုက် ကြိုးစားကြသူများဖြစ်သည်။

မဆုတ်မနစ်

၎င်းတို့ အမြွှာညီအစ်ကိုသည် မိခင်အပေါ်တွင်လည်း အလွန်ရိုသေချစ်ခင်ကြသူများဖြစ်သည်။ ကျောင်းအားရက်များတွင် မိခင်၏စီးပွားရေးလုပ်ငန်းများ၌ တတ်အားသရွေ့ ဝိုင်းဝန်းလုပ်ကိုင်နေကြပြီး တစ်ဖက်၌လည်း ၎င်းတို့၏ ပညာရေးကို မဆုတ်မနစ် သင်ယူနေကြသူများဖြစ်ကြသည်။

သွားရောက်နေထိုင်

အမြွှာညီအစ်ကိုနှစ်ဦးတွင် အငယ်ဖြစ်သူ ဒါရစ်လူးဝစ်သည် မကြာသေးမီက မိန်းကလေးမိတ်ဆွေတစ်ဦးနှင့် ခင်မင်ရင်းနှီးခဲ့ကြသည်။ ထိုအချိန်မှစတင်ကာ မိခင်အား ခွင့်ပန်ပြီး မိန်းကလေးရှိရာအရပ်ဖြစ်သည့် ကိုလံဘတ်မြို့၏ တောင်ဘက် မိုင်အနည်းငယ်ကွာဝေးသော ဒေသတွင်သွားရောက်နေထိုင်ခဲ့သည်။

ဖြစ်ပွား

မိခင်နှင့် အစ်ကိုနေထိုင်ရာအိမ်မှ အခြားအရပ်သို့ ဒါရစ်လူးဝစ် ပြောင်းရွှေ့နေထိုင်ပြီး သီတင်းပတ်ပေါင်းများစွာ ကုန်လွန်ဖြတ်သန်းပြီးသောအခါ ဒါရစ်တို့မိသားစုတွင် ကြေကွဲဝမ်းနည်းဖွယ်ရာ ကြမ္မာဆိုးနှင့် ရင်ဆိုင်ခဲ့ရသည့် အဖြစ်အပျက်ဖြစ်ပွားခဲ့သည်။

အိတ်သွန်ဖာမှောက်

ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့သည့်ရက်မှာ ပြီးခဲ့သည့် ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၈ရက်ဖြစ်သည်။ ထိုနေ့ နံနက်စောစောပိုင်းက ဒါရစ်၏မိခင် မေရီလူးဝစ်နှင့် အမြွှာအစ်ကိုဒင်းနစ်လူးဝစ်တို့နေထိုင်ရာအိမ်သို့ မျက်နှာဖုံးစွပ် လက်နက်ကိုင်အမျိုးသားများရောက်ရှိလာကြပြီး မိခင်မေရီလူးဝစ်အား သေနတ်ဖြင့် ချိန်ရွယ်ထိန်းချုပ်ထားကာ အိမ်တစ်အိမ်လုံးအား ရှာဖွေမွှေနှောက်ပြီးနောက် ဒင်းနစ်လူးဝစ်၏ အခန်းကို ချိုးဖောက် ဝင်ရောက်ကာ ဒင်းနစ်လူးဝစ်အား ပစ်သတ်ခဲ့သည်ဟု မေရီလူးဝစ်က ဆိုသည်။

စွဲချက်တင်

သို့သော်လည်း ယင်းအမှုနှင့် ပတ်သက်၍ ရုံးတင်စစ်ဆေးသောအခါ အခင်းဖြစ်ရာအရပ်တွင် ရှာဖွေတွေ့ရှိချက်များအရ ထောက်ရှု၍ ဒါရစ်လူးဝစ်သည် သေနတ်သမားများအားဦးဆောင်ကာ ၎င်း၏အိမ်တွင်းသို့ဝင်ရောက်ကာ ပြန်ပေးဆွဲ၊ ဓားပြတိုက်ပြီး အစ်ကိုဖြစ်သူ ဒင်းနစ်အား ပစ်သတ်ခဲ့သူဟု စွဲချက်တင်ခံခဲ့ရသည်။

ယူဆရ

ယင်းသို့စွဲချက်တင်ရခြင်းမှာ ဒင်းနစ်လူးဝစ်၏အိပ်ခန်းတွင် သွေးစွန်းသော လက်ဝါးကွက်ရာကို တွေ့ရှိခဲ့ရပြီး၊ ယင်းလက်ရာကို ဒါရစ်လူးဝစ်၏ လက်ရာနှင့် နှိုင်းယှဉ်ကြည့်သောအခါ ပုံစံတူနေသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။ ယင်းကို ထောက်ရှုခြင်းအားဖြင့် အခင်းဖြစ်စဉ် ယင်းအိမ်၌ ဒါရစ်လူးဝစ် ရှိနေသည်ဟု ယူဆရကြောင်း စွဲဆိုခဲ့သည်။

ဝမ်းနည်းကြေကွဲ

ထို့အပြင် ဒင်းနစ်လူးဝစ်နှင့်ဒါရစ်လူးဝစ်တို့မှာ ခန္ဓာကိုယ်ဇီဝဖွဲ့စည်းပုံ (ဒီအင်န်အေ) တူသော်လည်း လက်ဗွေရာမှာ ခြားနားကြောင်း တရားရုံးက ပြောကြားခဲ့သည်။မိခင်မေရီလူးဝစ်ကမူ အခင်းဖြစ်ပွားချိန်တွင် သားအငယ်ဖြစ်သည့် ဒါရစ်လူးဝစ်မှာ ၎င်းတို့နှင့် မိုင်အနည်းငယ်ကွာသည့်အရပ်တွင် အိမ်ခွဲနေထိုင်ပြီး အခင်းဖြစ်ကြောင်း ကြားသိရသည့်အခါတွင်မှ ရောက်လာခဲ့ခြင်းဖြစ်ကြောင်း ငြင်းဆိုခဲ့သည်။ ဒါရစ်လူးဝစ်သည် ပြစ်မှုထင်ရှားပါက ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံရဖွယ်ရှိသည်။ မိခင်ဖြစ်သူ မေရီလူးဝစ်မှာ အမြွှာသားအကြီး ဒင်းနစ်လူးဝစ်ကို ဆုံးရှုံးခဲ့ရသည့်အတွက် ဝမ်းနည်းကြေကွဲရသကဲ့သို့ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသကဲ့သို့ အမြွှာသားငယ် ဒါရစ်အတွက်လည်း ယူကျုံးမရ အပူမီးခံစားနေရသည်။

ယခုဖြစ်ရပ်တွင် ကံကြမ္မာငြိုးမာန်ဖွဲ့မှုကြောင့် အစ်ကိုဖြစ်သူဒင်းနစ်လူးဝစ် အား ဆုံးရှုံးခဲ့ရသည့်အပြင် မိမိကိုယ်တိုင် တရားခံအဖြစ် တရားစွဲဆိုခံနေရသော ဒါရစ်လူးဝစ်၏ ဖြစ်ရပ်ကို ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက် **ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်။**

ဒင်းနစ်လူးဝစ်နှင့် ဒါရစ်လူးဝစ်တို့သည် အမြွှာညီအစ်ကိုဖြစ်သည့် အားလျော်စွာ တစ်ဦးကိုတစ်ဦး အလွန်ချစ်ခင်ကြ၊ အတူမခွဲ တပူးတွဲတွဲနေထိုင်ကာ စားအတူ၊ သွားအတူ၊ လာအတူ နေထိုင်ကြသူများဖြစ်၊ သူတို့နှစ်ဦးသည် အသက် ၁၉နှစ် အရွယ်ရှိပြီး တက္ကသိုလ်တွင် တတိယနှစ်သို့ရောက်ရှိနေကြပြီဖြစ်၊ နှစ်ဦးစလုံးပင် ပညာရေးတွင် အာရုံစိုက် ကြိုးစားကြသူများဖြစ်။

SAVE YOUR MONEY @ MCC
LCCI ORIENTATION COURSE
LCCI Super Centre
Guide
Accountant
Tel : 382981, 245762, 245758, 395312

ခရီးသည်တင်မော်တော်ယာဉ်ရောင်းချရန် လေလံကြော်ငြာ

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ရွှေတံခါးဝန်ဆောင်မှုလုပ်ငန်း သမဝါယမအသင်း လီမိတက်ပိုင် အောက်ပါခရီးသည်တင် မော်တော်ယာဉ် တစ်စီးကို မျက်မြင်အခြေအနေအတိုင်း လေလံတင် ရောင်းချမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ရောင်းချမည့်မော်တော်ယာဉ် - ၁က/၆၉၀၉(မစ်ဆူဘီရှီ) ခရီးသည်တင်မော်တော်ယာဉ်
ရောင်းချမည့်နေ့ရက် - ၂၅-၃-၂၀၀၉ရက်(ဗုဒ္ဓဟူးနေ့)
ရောင်းချမည့်အချိန် - နံနက် ၁၀နာရီ
ရောင်းချမည့်နေရာ - ရွှေတံခါးသမဝါယမအသင်းရုံး ဒဂုံရွှေမန်းလမ်း၊ ကွင်းနောက်ရပ်ကွက်၊ ကျောက်တံခါးမြို့။

လေလံဆွဲဝယ်ယူလိုသူသည် လေလံစည်းကမ်းနှင့် အဆိုပြုလွှာကို အထက်ပါအသင်းရုံးတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်သိလိုသော အချက်အလက်များကို မြို့နယ်သမဝါယမဦးစီးဌာန ဖုန်း-၀၅၄-၆၀၀၃၄နှင့် ရွှေတံခါးဝန်ဆောင်မှုလုပ်ငန်း သမဝါယမ အသင်းလီမိတက်ရုံး ဖုန်း-၀၅၄-၆၀၀၁၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်မ နော်ဂျူလီအယ်နာအယ်မွီးဖော၏ P.P No 624223 ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၃၈၇၈၈၃။

[illegible]

“အဘိဓဇမဟာရဋ္ဌဂုရု” ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကုဏ္ဍလဓေဇာတိ ဆရာတော်ကြီးအား ပူဇော်ပွဲကျင်းပမည်

ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက နိုင်ငံတော်သံဃမဟာနာယကဒုတိယဥက္ကဋ္ဌ၊နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တကုဏ္ဍလဇောတိ ဆရာတော်ကြီးအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက်နေ့တွင် “အဘိဓဇမဟာရဋ္ဌဂုရု” ဘွဲ့တံဆိပ်တော်ကို (၁/၂၀၀၉)ဖြင့်ကြေညာ၍ ပူဇော်ဆက်ကပ်ခဲ့ပါသည်။

ဆရာတော်ကြီး၏ တပည့်ရဟန်းသံဃာတော်များနှင့် ဒါယကာ ဒါယိကာမ အပေါင်းတို့ကလည်း ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို (၁၃၇၀ပြည့်နှစ် တပေါင်းလပြည့်ကျော် ၁၂ရက်) ၂၂-၃-၂၀၀၉ ရက် (တနင်္ဂနွေနေ့)တွင် ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှတပည့်ရဟန်းသံဃာတော်များနှင့် ဒါယကာဒါယိကာမ အပေါင်းတို့အား အသိပေးနှိုးဆော်အပ်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် ပင့်စာ၊ဖိတ်စာမရောက်ရှိသော ရဟန်းသံဃာတော်များ၊ ဒါယကာ ဒါယိကာမများ ဤသတင်းဖြင့်ပင် ကြွရောက်ကြပါရန် သိစေအပ်ပါသည်။

ပူဇော်ပွဲသတင်းမှတ်တမ်းနှင့်
ပြန်ကြားလှုံ့ဆော်ရေးလုပ်ငန်းကော်မတီ
ပြည်မြို့။

မီးကို ကြိုတင် ကာကွယ် မှုဖြင့် အနိုင်ယူပါ

တရားဝင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း

အများသိစေရန် ကြေညာခြင်း

ကျွန်တော်ဦးဇော်ဝင်း(ခ)ဦးဇော်ဝင်းချမ်း TVY ၀၇၅၄၉၅ သည် ဒေါ်နီလာသန်း ALE-၀၀၃၈၂၅ နှင့် တရားဝင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာမှ စိတ်သဘောထားချင်း လုံးဝမတိုက်ဆိုင်တော့ပါသဖြင့် နှစ်ဖက်လူကြီးမိဘများ ရှေ့မှောက်တွင် ၈-၃-၂၀၀၉ရက်က အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲကြောင်း လက်မှတ်ရေးထိုးခဲ့ကြပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်နီလာသန်း၏ တစ်ဦးတည်းဆန္ဒဖြင့် ကျွန်တော်မသိရှိဘဲ လုပ်ကိုင်ဆက်သွယ်ဆောင်ရွက်ထားသော ငွေရေးကြေးရေးကိစ္စများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် ပတ်သက်သည့်ကိစ္စများသည် ကျွန်တော်နှင့်မသက်ဆိုင်သည့်အတွက် ကျွန်တော်က လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ဝင်း(ခ)ဦးဇော်ဝင်းချမ်း TVY ၀၇၅၄၉၅။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အရာတော်မြို့နယ် ကမ်းပြုရွာနေ ကျွန်မ၏သား မောင်ဝင်းဆွေ ၅/အရတ(နိုင်) ၀၉၂၀၅၈သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ညှဉ်းပန်းနှိပ်စက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။

မိခင်-ဒေါ်တင်ဆွေ
၅/အရတ(နိုင်)၀၁၅၇၁၃။

ကဝမြို့နယ် အုန်းနဲ့ကျေးလက်ဈေးရှေ့တွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ခွဲမှူးဦးတင်မြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် ဝန်ထမ်းများစုပေါင်း၍ ဖေဖော်ဝါရီ ၂၆ရက်က မီးဘေးကြိုတင် ကာကွယ်ရေး သရုပ်ပြကြစဉ်။ (မြို့နယ်စည်ပင်)

စာအုပ်၊ နံ့ရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ရေနံချောင်းမြို့နယ်၌ ကျင်းပ

ရေနံချောင်း မတ် ၄

မကွေးတိုင်း ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ၆ရက် မွန်းလွဲ၁နာရီက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ စာအုပ်စာစောင်၊ နံ့ရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်လတ်က အမှာစကားပြောကြားပြီး**(ယာပုံ)**မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးနွဲ့က ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးကို ဟောပြောကာ အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီညွန့်က ကျေးဇူးတင်စကား ပြောကြားသည်။**(မြို့နယ် ပြန်/ဆက်)**

ပြင်ဦးလွင်တွင် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ပြင်ဦးလွင် မတ် ၉

ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၉)ဖွင့်ပွဲအခမ်းအနားကို ပြင်ဦးလွင်မြို့နယ်အသင်းရုံးအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ၂၅ရက် နံနက် ၉နာရီက ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်က အဖွင့်အမှာစကားကိုလည်းကောင်း **(အောက်ပုံ)**၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းက အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍လည်းကောင်း ပြောကြားပြီး စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းကို ဆက်လက်ကျင်းပသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်မြို့ ကမ်းနားမြစ်ကမ်းတစ်လျှောက် အမှိုက်များကို မတ် ၆ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်ညွန့် ဦးဆောင်လျက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီ ရှေးဦးသူနာပြုတပ်ဖွဲ့ဝင်များစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းကုန်းမြို့၌ ကတ္တရာလမ်းသစ်ဖွင့်

ကျောင်းကုန်း မတ် ၁၀

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အလှူရှင် ဦးသိန်းမောင်(သုဓမ္မမဏိဇောတရောင်ဘွဲ့နှင့် လူမှုထူးချွန်တတိယဆင့်)-ဒေါ်တင်လှ (ရွှေလမင်းဆေးလိပ်ခုံ)မိသားစုက လှူဒါန်းသည့် ရေဝတီတိုင်း ကျောင်းကုန်းမြို့ အမှတ်(၁)ရပ်ကွက်ရှိ အထက(၁) ကျောင်းသို့သွားသည့် ကျောင်းအဝင်လမ်း(၂)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ အလှူရှင် ဦးသိန်းမောင်နှင့် အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (၁၅၄)

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဆန်ဆိုင်းရပ်ကွက် ရှမ်းရိုးမလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၁၇ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နမ္မတူမြို့နယ်စည်ပင်သာယာအဖွဲ့ မန်မွမ်းလမ်းကျောက်ချောခင်း

နမ္မတူ မတ် ၁၂

နမ္မတူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ခုနှစ် ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် နမ္မတူမြို့မန်မွမ်းလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၂၅ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်ဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးခင်မောင်ဌွေးတို့က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

မြန်မာပရီလိဂ် အောင်မြင်ရေး ကြိုးပမ်းကြရာတွင် . . . .

➤ သတင်းဆောင်းပါး - စိုးမိုး(IBC) ➤ ဓာတ်ပုံမှတ်တမ်း - ဘုန်းမြတ်ပိုင် ➤ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး

မြန်မာပရီလိဂ်ပြိုင်ပွဲစည်းမျဉ်းများကို စနစ်တကျ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်တွင်းဘောလုံးကျွမ်းကျင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်။(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၄

ဘောလုံးကို အလွန်ချစ်သော မြန်မာတစ်မျိုးသားလုံး၏ လိုလားတောင့်တချက်မှာ မြန်မာ့ဘောလုံး အဆင့်အတန်း အစဉ်မြင့်မားတိုးတက်အောင်မြင်စေရေးပင်ဖြစ်သည်။ သို့သော် တစ်နေ့တခြား ပြိုင်ဆိုင်မှု ပြင်းထန်လာပြီး အမြဲတမ်းအပြောင်းအလဲရှိနေသော ဘောလုံးအားကစား၏သဘာဝအရ တော်ရုံကြိုးစားစွမ်းဆောင်မှုမျိုးဖြင့် မရဘဲ အဘက်ဘက်က လိုလေသေးမရှိအောင်၊ အဆင့်မီအောင် စနစ်တကျ ထောင့်စေ့အောင် ပြင်ဆင်ကြိုးစားနိုင်မှသာ အောင်မြင်မှုကို မျှော်မှန်းနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ■



စနေဂြိုဟ်၏ အရံလပေါ်တွင် ဟိုက်ဒရိုကာဗွန်မိုးများ ရွာသွန်းနေ

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

နာဆာမှ လွှတ်တင်ထားသော ကက်စီနီအာကာသ လေ့လာရေးယာဉ်မှ သတင်းပေးပို့ချက်အရ စနေဂြိုဟ်၏ အရံဂြိုဟ်လဖြစ်သည့် တီတန် မျက်နှာပြင်တွင် ဟိုက်ဒရိုကာဗွန်မိုးများ ရွာသွန်းလျက်ရှိကြောင်း နာဆာ သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

စိတ်ဖိစီးမှုလျော့နည်းရန် မိမိကိုယ်တိုင် သတိပြုနေထိုင်သင့်

ဒေါက်တာမိုးမိုးခိုင်

အမေး/အရေး-မောင်မောင်မြင့်ဆွေ ❖ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း) ❖ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်

ရန်ကုန် မတ် ၁၄

စိတ်ဖိစီးမှု(Stress)ဆိုသည့် အသုံးအနှုန်းသည် ယနေ့ခေတ်ကာလ၌ တွင်ကျယ်လာသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စိတ်ဖိစီးမှုဒဏ်ခံစားနေရသူများ တစ်နေ့တခြား တိုးပွားလာရာ ကမ္ဘာ့ပြည်သူများအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှေ့တန်းသို့ ရောက်ရှိလာသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ

တိုးပွားလာစေရန် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ)

➤ သတင်းမှတ်စု - နုနုရီနှင့် တင်မာဝင်း

➤ ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း

➤ စာမျက်နှာဖွဲ့စည်းမှု - ဇော်ထွန်းဦး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၄

နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုတန်ဖိုးပမာဏတွင် လယ်ယာကဏ္ဍပြီးလျှင် စက်မှုကဏ္ဍသည် ဒုတိယမြောက် တန်ဖိုးပမာဏအများဆုံးဖြစ်သည်။ စက်မှုကဏ္ဍတွင်လည်း ပုဂ္ဂလိကပိုင်းက အများစု ပါဝင်လျက်ရှိသည်။ နိုင်ငံတော်ပိုင်းအနေဖြင့် အရင်းအနှီးကြီးမားပြီး နည်းပညာမြင့်မားသည့်အပြင် ပုဂ္ဂလိကအပိုင်းက တည်ဆောက်ထူထောင်ရန် မလွယ်ကူသော စက်ရုံအလုပ်ရုံများကိုသာ ဦးစားပေးထူထောင်ပေးလျက်ရှိသည်။

စက်မှုနိုင်ငံ

အထူးသဖြင့် စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းကို ဦးစားပေးထူထောင်ရင်း လယ်ယာသုံးစက်ကိရိယာပစ္စည်းထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ သွင်းကုန်အစားထိုးစက်မှုလုပ်ငန်း၊ ကုန်ချောပစ္စည်းထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ ပြည်ပပို့ကုန်တင်ပို့နိုင်သည့် စက်မှုလုပ်ငန်း၊ အကြီးစားစက်မှုလုပ်ငန်း စသည်ဖြင့် နိုင်ငံအတွက် အရေးပါသော အခြားစက်မှုလုပ်ငန်းများကို နိုင်ငံတော်က အားပေးထူထောင်လျက်ရှိသည်။ တစ်ချိန်တည်းတွင် စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုနိုင်ငံမှတစ်ဆင့် ခေတ်မီစက်မှုနိုင်ငံအဖြစ် ကူးပြောင်းရောက်ရှိနိုင်ရန် အခြေချ လမ်းခင်းပေးနေသည်။

စာမျက်နှာ ၃ ကော်လံ ၁ *